# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၁၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သည့် မြန်မာ - ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မြန်မာပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ရုရှားပြည်သူများသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

၁၉၄၈ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် ထူးခြားသော ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပိုင်ဆိုင်ထားသည်ကို နှစ်ထောင်းအားရဖွယ်

စာမျက်နှာ ၃ ကော်လံ ၁ ✪

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅) နှစ်မြောက် အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာ ဆက်ဆံရေးသည် အမြင့်သို့ တက်လှမ်းလျက်ရှိနေပါသည်။ မိမိတို့အနေဖြင့် နိုင်ငံရေးအရ ထိတွေ့ဆက်ဆံမှုများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ တပ်မတော်ပိုင်း၊ နည်းပညာ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားစွာ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စစ်မှန်သော သဘောတူညီမှုနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို

စာမျက်နှာ ၃ ကော်လံ ၄ ❖

## ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် စမ်းသပ်စိုက်ပျိုးသော စပျစ်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် စပျစ်သီးနှံ စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ကြသည့် ဒေသခံတောင်သူများ အောင်မြင်ဖြစ်ထွန်း၍ စပျစ်သီးများ လှိုင်လှိုင်ဆွတ်ခူးရောင်းချနေရသဖြင့် မိသားစုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်နေ ပြည်သူများသည် စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် နှမ်း၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး

စာမျက်နှာ ၁၃ ကော်လံ ၁ ○


ယနေ့ ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း — စာ - ၅

သတိပြုဖွယ် သတင်းများအန္တရာယ် — ဆောင်းပါး — စာ - ၆

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက နောင်တရားရဲ့ အားမာန်တွေ — ဆောင်းပါး — စာ - ၁၀

မြန်မာ့အလင်း

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်အဟုန်မပျက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။"ဟူသော လုပ်ငန်းစဉ် (၄) နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသူ နိုင်ငံသားတိုင်း လိုလားကြသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းမှု ရှိနေစေရန် အရေးကြီးသည်။ ယင်းအချက်ကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ကလည်း အလေးအနက်ခံယူသည့်အလျောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် စတင်ထုတ်ပြန်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်နှင့် ယခု ၂၀၂၃ ခုနှစ်တို့ကိုပါ နှစ်လုံးပေါက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးထားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအား ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရေး ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့ရာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခုနစ်ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် ဆွေးနွေးနိုင်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲများမှ "ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များ" ကို ဖော်ဆောင်နိုင်ခဲ့သည်။

ငြိမ်းချမ်းရေးသည် တစ်ရက်စော၍ရရှိလျှင် တစ်ရက်မြန်မြန်အကျိုးရှိနိုင်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်ဖြင့် လက်တွေ့ကျကျအကောင်အထည်ဖော်ကြရန်လိုသည်။ တစ်မိသားစုတည်းမှ ညီအစ်ကိုမောင်နှမအရင်းစိတ်ဓာတ်ဖြင့် သံသယစိတ်များကိုဖယ်ရှားကာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြရမည်လည်းဖြစ်သည်။ တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးအတွက် ကြံစည်ကြိုးပမ်းနေကြသည့် အဖျက်အုပ်စုများက တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးရေး သွေးခွဲသပ်လျှိုလုပ်ငန်းများ၊ မီးလောင်ရာလေပင့်သည့်အနေဖြင့် အဖျက်လုပ်ရပ်များအတွက် ပေးကမ်းထောက်ပံ့မှုများ ပိုမိုတိုးမြှင့်ပြုလုပ်လာနေသည်ကို သတိတရားဖြင့် ရှောင်ရှားနိုင်ကြရန်လည်းလိုသည်။

နိုင်ငံ့အင်အားသည် ပြည်တွင်းအင်အားဖြစ်ပြီး ပြည်တွင်းမှာသာရှိသည်။ ပြည်တွင်းအင်အားကို စုစည်းနိုင်မှသာ နိုင်ငံကိုအများနည်းတူ ရင်ပေါင်တန်းနိုင်စေရန် တည်ဆောက်နိုင်သည့်အင်အားကို ရရှိနိုင်မည်ဖြစ်သည်။ ပဋိပက္ခများနှင့် အဖျက်သံသရာမှ ရုန်းမထွက်နိုင်သရွေ့ အဆိုပါအင်အားတို့ ပျက်စီးပြုန်းတီးခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရန်လည်း ခက်ခဲနေဦးမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့၏ လိုအင်ဆန္ဒများနှင့်အညီ ထာဝရငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်မှ ကြီးမှူးကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် Virtual စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ် ဒုတိယဥက္ကဋ္ဌ Dr Evgeny Vlasov၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Dr Nikolay Listopadov၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုတို့က မြန်မာ – ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု စိန်ရတုအထိမ်းအမှတ်ဆိုင်ရာ အဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ခိုင်မြဲရေး ကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နျူကလီးယား နည်းပညာအား ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အလားအလာများကို ဆွေးနွေးပြောကြားကြသည်။

စကားဝိုင်း ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ဆွေထွန်း၊ ရုရှား – မြန်မာ ချစ်ကြည်ရေးအသင်းမှ ဦးမျိုးမြင့် အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို ပါဝင် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❂ *ရှေ့ဖုံးမှ*

တွေ့ရှိရပါသည်။ နိုင်ငံတကာအခင်းအကျင်းတွင် ပြောင်းလဲမှုများရှိလင့်ကစား မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့သည် ဆက်လက်နွေးထွေး နီးကပ်နေကြဆဲပင် ဖြစ်ပါသည်။ ရုရှားနိုင်ငံ၌ မြန်မာကျောင်းသားများစွာ ပညာသင်ယူခဲ့ကြပြီး နောက်ထပ်ပညာသင်များစွာလည်း ပညာသင်ယူလျက်ရှိသည်နှင့်အတူ နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် ပြည်သူအချင်းချင်း ဆက်သွယ်မှုများလည်း ရှိပါသည်။ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံကို အရေးကြီးပြီး ယုံကြည်အားထားရသော မိတ်ဖက် နိုင်ငံအဖြစ် အစဉ်မှတ်ယူထားပါသည်။ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် မြန်မာနိုင်ငံ၏ ခက်ခဲသောကာလများတွင် အစဉ်တစိုက် ထောက်ခံပေးမှုအပေါ် မြင့်မားစွာ တန်ဖိုးထားကျေးဇူးတင်ရှိပါသည်။

နှစ်နိုင်ငံအဆင့်မြင့်အပြန်အလှန်ခရီးစဉ်များနှင့် နယ်ပယ်စုံ အဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာခြင်းက နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများကို ဖြစ်ထွန်းစေခဲ့သည်ကိုလည်း မိမိအနေဖြင့် ဝမ်းမြောက်ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် မိမိ၏ခရီးစဉ်အတွင်း၌ မိမိတို့နှစ်ဦးလုံးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ပိုမိုမြှင့်တင်သွားရန် သဘောတူခဲ့ကြသည်ကို ဝမ်းမြောက်စွာ အမှတ်ရမိပါသည်။ များမကြာမီကာလအတွင်း စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့် အဆင့်တစ်ခုသို့ မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

၂၀၂၃ ခုနှစ်သည် နှစ်နိုင်ငံဆက်ဆံရေး သမိုင်းမှတ်တိုင်တစ်ရပ်ကို အမှတ်ရဖော်ကျူးရန် အခါသမယတစ်ခုအဖြစ်သာမက နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အားသစ်လောင်းနိုင်မည့် အချိန်အခါတစ်ခုလည်း ဖြစ်ပါသည်။ ယခုတစ်နှစ်တာကာလပတ်လုံး နှစ်နိုင်ငံတွင် ကျင်းပရန်လျာထားသည့် အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကလည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် လမ်းခင်းပေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အရေးပါသည့်အခါသမယတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် အာရှပစိဖိတ်ဒေသနှင့် ယင်းဒေသအပြင်ဘက် တည်ငြိမ်သာယာဝပြောရေးအတွက် အထောက်အကူဖြစ်စေမည့် ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်သွားရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည့် မြန်မာနိုင်ငံအစိုးရ၏ ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသောအခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း၊ အနာဂတ်လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရုရှားနိုင်ငံနှင့် ပြည်သူများ ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ H.E. Mr. Vladimir Putin နှင့် ဝန်ကြီးချုပ် H.E. Mr. Mikhail Mishustin တို့အကြား၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့အကြား၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev တို့အကြား ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခြေခံသည့် တရားမျှတသော ဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းတစ်ရပ် တည်ဆောက်ရေးအတွက် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အတူတကွ ရပ်တည်လျက်ရှိပါသည်။

မိမိတို့၏ ပူးပေါင်းအားထုတ်မှုများဖြင့် နယ်ပယ်စုံတွင် အပြုသဘောဆောင်သော နှစ်နိုင်ငံ ထိတွေ့ဆက်ဆံမှုများကို ဆက်လက်တည်ဆောက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ပြီး အာရှ- ပစိဖိတ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မြန်မာနိုင်ငံအစိုးရကိုယ်စားနှင့် မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ရုရှားနိုင်ငံအစိုးရအဖွဲ့ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

ဆိုဗီယက်ပြည်ထောင်စုသည် မြန်မာနိုင်ငံ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက် ပထမဆုံး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်နိုင်ငံများတွင် အပါအဝင်ဖြစ်ပါသည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသည့် နယ်ပယ်ကဏ္ဍစုံတွင် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ယခုအခါသမယသည် မိမိတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေး ကျယ်ပြန့်သည့်အလားအလာများ ဖြစ်ထွန်းစေနိုင်ရန်တို့အတွက် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ လာမည့် နှစ်များတွင် မိမိတို့ပူးပေါင်းကြိုးပမ်းမှုများဖြင့် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်မှန်းပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသောအခါသမယတွင် အဆွေတော် ကျန်းမာ၊ ပျော်ရွှင်ပါစေကြောင်း၊ အနာဂတ်လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရုရှားနိုင်ငံ အစဉ်တိုးတက်၊ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင် ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅) နှစ်မြောက် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရကိုယ်စားနှင့် မိမိကိုယ်တိုင် အနေဖြင့် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှု၊ တစ်ဖက်နှင့်တစ်ဖက်အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားမှု“မူ”များပေါ်တွင် အခြေခံကြောင်း အလေးအနက်ထား ပြောကြားလိုပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် တဖြည်းဖြည်း တိုးတက်လျက်ရှိပါသည်။ စွမ်းအင်၊ စက်မှု၊ ပို့ဆောင်ရေး၊ ပညာရေးနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင် ပူးတွဲ စီမံကိန်းများကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။

နှစ်နိုင်ငံအစိုးရများအကြား တက်ကြွစွာပူးတွဲလုပ်ဆောင်နေမှုများသည် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရေးနှင့် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေသောလုပ်ငန်းများ တိုးမြှင့်ရေးတို့အတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ အကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်နိုင်မည်လည်း ဖြစ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုသစ်များ ရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသားများအားလုံး ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ ထံသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

လွန်ခဲ့သော (၇၅) နှစ်တာကာလတွင် မြန်မာနှင့်ရုရှားနိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းတန်ဖိုးထားခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဒေသတွင်းနှင့် အာဆီယံ၊ အေဆမ်နှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာများတွင် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများရှိသည့်အပေါ်တွင်လည်း များစွာ ကျေနပ်အားရမိပါသည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံသံတမန်ဆက်သွယ်ထူထောင်မှု (၇၅) နှစ်မြောက် စိန်ရတုအခါသမယကို ဆင်နွှဲလျက်ရှိသည့်အားလျော်စွာ ရှေ့လာမည့်နှစ်များအတွင်း နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် မိမိတို့နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းစေရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန်မျှော်လင့်ပါသည်။ တစ်ဆက်တည်းမှာပင် မိမိတို့ဝန်ကြီးဌာနနှစ်ခုနှင့် နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်၍ ပူးပေါင်းဆောင်ရွက်တတ်သော ဆက်ဆံရေးကို ခိုင်မာစေရန်အတွက် အဆွေတော်နှင့်အတူ ပူးတွဲအားထုတ်မှုများ လုပ်ဆောင်သွားရန် မိမိအနေဖြင့် အသင့်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာ၊ ပျော်ရွှင်ပါစေကြောင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပြည်သူများ ရေရှည် သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ ထံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တည်ဆောက်ခဲ့သည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးသည် နယ်ပယ်ကဏ္ဍစုံတွင် တဖြည်းဖြည်းတိုးတက်လျက်ရှိပါသည်။ ယုံကြည်အားထားရသော နိုင်ငံရေးဆွေးနွေးမှုများနှင့် ဦးစားပေးကဏ္ဍများတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်လာနိုင်ခြင်းတို့ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် ကာလအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံမှုက သက်သေထူနိုင်ခဲ့သည့်အပေါ် ဝမ်းမြောက်စွာ မှတ်သားမိပါသည်။

နိုင်ငံတကာနှင့်ဒေသတွင်း အရေးကြီးကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ချိတ်ဆက်ဆောင်ရွက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများတွင် ညှိနှိုင်းကြိုးပမ်းမှုများ ပိုမိုခိုင်မာစေနိုင်ရန် မိမိတို့က အထူးအလေးထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့သို့ ပါဝင်ဆောင်ရွက်လိုခြင်းသည် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်တစ်ရပ် ဖြစ်ထွန်းလာစေပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသ တစ်ခုလုံး၏ လုံခြုံရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များအားလုံး ကျန်းမာရွှင်လန်း၍ လုပ်ငန်းတာဝန်များတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပက်တ်ထရူးရှက်ဗ် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကျရောက်သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စားနှင့် မိမိတို့မှ အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မှုသည် အစဉ်လာအရ ခိုင်မြဲသော ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့အပေါ် အခြေခံထားကြောင်း ယခုကဲ့သို့ မင်္ဂလာရှိသော အခါသမယတွင် ထပ်လောင်းပြောကြားလိုပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၇၀)ကျော်အတွင်း မိမိတို့အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆောင်ရွက်မှုကဲ့သို့သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှတစ်ဆင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ပါသည်။

နှစ်နိုင်ငံအပြန်အလှန်ထိတွေ့မှုများနှင့် ကာကွယ်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်အပါအဝင် ကဏ္ဍစုံရှိ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် သာယာဝပြောမှုအတွက် တိုးတက်ခိုင်မာလျက်ရှိကြောင်း အခွင့်ကြုံခိုက် အလေးထားပြောကြားလိုပါသည်။

နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခိုင်မာစေရန်နှင့် အာရှပစိဖိတ်ဒေသနှင့် ကမ္ဘာ့ရေးရာများတွင် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများဖြင့် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုတိုးမြှင့်စေရေး ကြိုးပမ်းရန် ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ရုရှားပြည်သူများအားလုံး အောင်မြင်ပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပက်တ်ထရူးရှက်ဗ် ထံမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက် အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ-ရုရှားဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဝိသေသလက္ခဏာရှိပြီး တစ်ဖက်နှင့်တစ်ဖက် အကျိုးစီးပွားကို လေးစားမှုပေါ်တွင် အခြေခံပါသည်။

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့ပြည်သူများ သာယာဝပြောရေးနှင့် အာရှ - ပစိဖိတ်ဒေသတစ်ခုလုံး၏ တည်ငြိမ်မှုကို ထိန်းသိမ်းရေးတို့တွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

မိမိတို့၏ အပြုသဘောဆောင်သည့်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်မှ ၂၅ ရက်အထိ မော်စကိုမြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်တာဝန်ရှိသူအရာရှိကြီးများ အစည်းအဝေးတွင် အဆွေတော်နှင့် လူကိုယ်တိုင် တွေ့ဆုံနိုင်ရန် မျှော်လင့်လျက်ရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ထပ်မံရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း "Safe ICT Services" စကားဝိုင်းအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ "Safe ICT Services" စကားဝိုင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ICT- Information & Communication Technology ဝန်ဆောင်မှုကို စိတ်ချစွာ အသုံးပြုနိုင်ရေးနှင့် တိုးတက်ကောင်းမွန်လာစေရေးသည် နိုင်ငံတော်၏ Digital Economy ဆောင်ရွက်ရေးအတွက် အရေးကြီးပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေရမည်ဖြစ်ကြောင်း၊ e-Government သည် နိုင်ငံတော်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသလို ဆိုက်ဘာလုံခြုံရေးသည်လည်း အထူးအရေးကြီးလာပါကြောင်း၊ သတင်းမှားများ၊ ဆိုက်ဘာအလွဲသုံးမှု၊ ဆိုက်ဘာမှုခင်းများကို တားဆီးကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်သွားရန် လိုအပ်သလို တစ်ဖက်ကလည်း နည်းပညာဖြင့် ထိန်းကျောင်းဆောင်ရွက်နိုင်ရေး လိုအပ်ပါကြောင်း၊ ဆောင်ရွက်နေသည့် ICT ဝန်ဆောင်မှုများကို ပကတိအခြေအနေများအပေါ် အခြေခံပြီး မှန်မှန်ကန်ကန် သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့် ရေရှည်တည်တံ့ပြီး အမှီအခိုကင်းသည့် ICT Services နှင့် e-Government Solution ကောင်းများ ပေါ်ထွက်လာစေရေးအတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ICT Services များ အသုံးပြုရာတွင် ထုတ်ပြန်ထားသော Standard Operating Procedure (SOP) များနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသည့် နည်းပညာနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် လူ-ပစ္စည်း-နည်းပညာတို့ ဟန်ချက်ညီစွာ တိုးတက်ရန် လိုအပ်ပါကြောင်း၊ အရေးအကြီးဆုံးအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း "Safe ICT Services" စကားဝိုင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ စကားဝိုင်းအလုပ်ရုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့မှ သတင်းအချက်အလက် နည်းပညာအရာရှိချုပ် (Chief Information Officer-CIO) များနှင့် လက်ထောက် သတင်းအချက်အလက်နည်းပညာအရာရှိချုပ်(Assistant Chief Information Officer-ACIO)များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်လိုသည့် အချက်များနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုတင်ပြပြီးနောက် ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်တွေ့ရှိချက်များကို တစ်ချက်ချင်းအလိုက် အလွတ်သဘော ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပြုချက်များအပေါ် တက်ရောက်လာသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် နိုင်ငံရေးပါတီအစုအဖွဲ့ ပြန်လည်ပြင်ဆင်ရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဖွဲ့စည်းပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ တည်ထောင်ပြီးနောက်ပိုင်း ယခုကဲ့သို့ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့အား ပြန်လည်ဖွဲ့စည်းနိုင်မည့် အခြေအနေကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် ယနေ့ တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့်သဘောထားများအား သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကမ္ဘာရေးရာ၊ မြန်မာရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ်များကို လက်ဆောင်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် ကွတ်ခိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သတိပြုဖွယ် သတင်းမှားအန္တရာယ်

ဇင်ငြိမ်း

**သတင်းနဲ့ နည်းပညာခေတ်ကြီးမှာ အွန်လိုင်းမီဒီယာနဲ့ လူမှုကွန်ရက်တွေဆိုတာက ရှောင်လွှဲလို့ မရတော့ပါဘူး။ အင်တာနက်နဲ့ လူမှုကွန်ရက်တွေဟာ လူတိုင်း ရဲ့ နေ့စဉ်ဘဝတွေမှာ ကြီးကြီးမားမား ပါဝင်နေကြပါတယ်။ လူတိုင်းရဲ့လိုအပ်ချက်တွေကို အင်တာနက်နဲ့ လူမှုကွန်ရက်တွေက မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အထောက်အကူပြုပေးနေတာမို့ ပိုပြီးလည်း အသုံးများလာပါတယ်။ တချို့သူတွေအတွက်ဆို အင်တာနက်ဟာ မရှိမဖြစ်လိုအပ်ချက်တစ်ခုကို ဖြစ်နေပါပြီ။ အင်တာနက်တွေ အရင်ကထက်မြန်ဆန်လာတာ၊ နည်းပညာပစ္စည်းတွေ အချိန်နဲ့အမျှ တိုးတက်လာတာတွေကြောင့်လည်း လူတွေဟာ နည်းပညာတွေအပေါ် ပိုပြီး အားကိုးနေရပါတယ်။**

တိုးတက်လာတဲ့ ခေတ်ကြီးမှာ လူတွေရဲ့လိုအပ်ချက်တွေ မြင့်မားလာတာကို နည်းပညာနဲ့ ဆက်သွယ်ရေးစနစ်တွေက ဖြည့်ဆည်းပေးနိုင်တာကြောင့် အခုဆိုရင် လူတိုင်းရဲ့ နေ့စဉ်ဘဝတွေဟာ နည်းပညာအပေါ်မှာ ပိုမိုမှီခိုနေကြရပြီး လွတ်ကင်းလို့ မရနိုင်တော့တာ လက်တွေ့ပါပဲ။ တချို့ဆိုရင် နေ့စဉ်သုံးနေတဲ့ နည်းပညာပစ္စည်းနဲ့ အင်တာနက်မရှိတာနဲ့ အလုပ်တွေကို လွယ်လွယ်ကူကူလုပ်ဖို့ မလွယ်တော့တဲ့အထိ လူနဲ့ နည်းပညာတွေက ခွဲခြားဖို့ခက်နေပါပြီ။ နည်းပညာတွေကို အသုံးချတာ များလာတာနဲ့အမျှ လူတွေရဲ့လူနေမှုဘဝပုံစံတွေပါ လိုက်ပါပြောင်းလဲနေကြပါတယ်။ အနီးစပ်ဆုံး ကြည့်ကြည့်ပါ။ မိုဘိုင်းဖုန်း၊ ကွန်ပျူတာ၊ တီဗွီကစလို့ ကိုယ့်ရဲ့တစ်နေ့တာ သုံးစွဲနေတဲ့ နည်းပညာပစ္စည်းတွေနဲ့ ကိုယ်နဲ့ဆက်စပ်မှု၊ အသုံးပြုမှုတွေကို ကြည့်ရင် သိနိုင်ပါတယ်။ တချို့နည်းပညာမြင့် ပစ္စည်းတွေဆို လိုက်လို့တောင် မမီတော့ပါဘူး။

### အကျိုးသက်ရောက်မှု

ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်မြင့်မားလာတာဟာ လူတွေရဲ့ဘဝကဏ္ဍအားလုံးကို ပြောင်းလဲစေပါတယ်။ ပညာသင်ကြားရာမှာဆိုရင်လည်း အင်တာနက်အခြေပြုသင်ကြားတဲ့ စနစ်တွေကြောင့် သင်ကြားရတာ လွယ်ကူလာပြီး သင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေလည်း ပိုပြီး ရလာပါတယ်။ အင်တာနက်နဲ့ ဆက်သွယ်ရေးစနစ်တွေ မြင့်မားလာတဲ့အတွက် ကမ္ဘာပေါ်မှာ နယ်မြေကန့်သတ်ချက်ဆိုတာ အရင်ကလို အခက်အခဲတစ်ခု မဟုတ်တော့ပါဘူး။ လူသားတွေဟာ လိုအပ်ချက်တွေနောက်ကိုလိုက်ရင်း တီထွင်မှုတွေ တစ်ခုပြီးတစ်ခု ကြံဆလာကြပါတယ်။ တီထွင်မှုတွေကြောင့် တိုးတက်လာတဲ့ နည်းပညာတွေဟာ အခုဆိုရင် လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုနဲ့ အပြုအမူတွေအပေါ် သက်ရောက်နေပါပြီ။ လူသားတွေဖန်တီးတဲ့နည်းပညာတွေဟာ လူတွေရဲ့လိုအပ်ချက်နဲ့ ပြဿနာတွေကို ဖြေရှင်းပေးတဲ့အပြင် မတူညီတဲ့ စီးပွားရေးပုံစံတွေ၊ ဘဝနေထိုင်မှုပုံစံသစ်တွေ ပြောင်းလဲလာတာကြောင့် ထပ်မံတီထွင်ဖန်တီးတာတွေ ကြံဆလာကြပြန်ပါတယ်။

အဲဒီလို လိုအပ်ချက်နဲ့ တီထွင်မှုတွေကြောင့် လူတွေရဲ့ကဏ္ဍတိုင်းနီးပါးဟာ ပိုပြီးလွယ်ကူလာတယ်၊ ထိရောက်လာတယ်၊ မြန်ဆန်လာပါတယ်။ အဲဒီရဲ့ ရလဒ်က လူသားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ ဖြေရှင်းရာမှာ အထောက်အကူရရှိစေတာပဲ ဖြစ်ပါတယ်။ နည်းပညာတွေကြောင့် လူတွေမှာ ကောင်းကျိုးတွေ တသီတတန်းကြီး ရနေပေမယ့် တစ်ဖက်မှာလည်း ဘေးထွက်ဆိုးကျိုးတွေ ရှိနေပါတယ်။ တချို့ဆိုရင် နည်းပညာတွေရဲ့သားကောင်တွေ ဖြစ်နေကြပါတယ်။ နည်းပညာတိုးတက်မှုကြောင့်ဖြစ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကတော့ အမျိုးမျိုးပါပဲ။ တချို့ကလည်း နည်းပညာ တိုးတက်မှုတွေနဲ့ တိုက်ရိုက်သက်ဆိုင်သလို တချို့ကလည်း သုံးစွဲသူတွေရဲ့ လွဲမှားတဲ့ အသုံးပြုတာတွေကြောင့်ဆိုတာ တွေ့ရပါတယ်။

### ပြောင်းလဲမှုနှင့် ဘေးထွက်ဆိုးကျိုး

အထက်မှာ ဆိုခဲ့သလို နည်းပညာတွေ တိုးတက်လာတာဟာ လူသားတွေအတွက် မကြံစဖူး အကျိုးကျေးဇူးတွေ ရနေကြပါတယ်။ အနီးစပ်ဆုံးပြောရရင် မိုဘိုင်း ဖုန်းတစ်လုံးကို လိပ်ပတ်လည်အောင်သုံးတတ်ရင်ပဲ ဘယ်လောက်အကျိုးရှိတယ်ဆိုတာ တွေ့ရမှာပါ။ ဒါပေမယ့် ကောင်းကျိုးပြုတာတွေက အနုတ်လက္ခဏာတွေထက်များတာ မှန်ပေမယ့် အနုတ်လက္ခဏာတွေရဲ့ အကျိုးသက်ရောက်မှုတွေကြောင့် စိုးရိမ်စရာတွေ တိုးမြင့်လာနေပါတယ်။ အဲဒီအနုတ်လက္ခဏာဖြစ်စေတဲ့ သက်ရောက်မှုတွေထဲမှာဆိုရင် သဘာဝရင်းမြစ်ကုန်ဆုံးမှု၊ လူဦးရေမြင့်တက်လာမှုနဲ့ ကျန်းမာရေးပြဿနာ၊ များပြားလာတဲ့ ညစ်ညမ်းမှုတွေ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဆိုတာတွေ ပါဝင်ပါတယ်။

ဒီလိုပဲ နည်းပညာတိုးတက်လာလို့ ပြောင်းလဲသွားမှုတွေထဲမှာဆိုရင် လူမှုဘဝပုံစံတွေ၊ ကျန်းမာရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လူငယ်တွေရဲ့စိတ်သဘောထား၊ လူသားတွေရဲ့ အမူအကျင့်စရိုက်တွေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စတဲ့နယ်ပယ်တိုင်းလိုလိုမှာ နည်းပညာအခြေပြုတဲ့ပုံစံတွေအဖြစ် ပြောင်းလဲလာကြပါတယ်။




**“ လူအများသုံးနေကြတဲ့ လူမှုကွန်ရက်တွေဟာ အရင်ကတော့ လူမှုဆက်ဆံရေး၊ ဆက်သွယ်ရေးအတွက်လို့ဆိုပေမယ့် လက်တွေ့မှာတော့ နိုင်ငံရေးအစ စီးပွားရေးအဆုံး အကုန်လုံးအတွက် အသုံးပြုနေကြပါတယ်။ ဒီတော့ လူမှုကွန်ရက်တွေဟာ လူထုအတွင်း ထိုးဖောက်အားလည်းကောင်းတယ်၊ နယ်ပယ်အကုန်လုံးအတွက်လည်း သုံးနိုင်တဲ့အတွက် တချို့သူတွေဟာ လူမှုကွန်ရက်ကို မသမာတဲ့နည်းနဲ့ အသုံးချလာနေကြပါတယ်။ လူမှုကွန်ရက်တွေရဲ့ အားသာချက်ကို အလွဲအသုံးချလာတဲ့အကျိုးဆက်က သတင်းညစ်ညမ်းမှုတွေ များလာပြီး လူထုကိုအဆိပ်အတောက် ဖြစ်စေလျက်ရှိပါတယ် ”**

အဲဒါတွေထဲကမှ လူတိုင်း အများစုရဲ့ နေ့စဉ်ဘဝနဲ့ ထိတွေ့ပြီး အသုံးတည့်နေတာက လူမှုကွန်ရက်တွေပဲ ဖြစ်ပါတယ်။ လူမှုကွန်ရက်လို့ဆိုရင် ဖေ့စ်ဘုတ်၊ တွစ်တာ၊ အင်စတာဂရမ် စတဲ့လူမှုကွန်ရက်တွေ အများကြီးပါ။ လူမှုကွန်ရက်တွေကလည်း အင်တာနက်၊ ဆက်သွယ်ရေးနည်းပညာနဲ့ ဉာဏ်ရည်တုတွေ တိုးတက်လာတဲ့အတွက် အသုံးပြုရတာ၊ ထိရောက်တာ၊ မြန်ဆန်တာတွေက တစ်နေ့တခြားပိုကောင်းလာပါတယ်။ လူတစ်ဦးချင်းစီရဲ့အကြိုက်တွေနဲ့ လူ့သဘောသဘာဝတွေကို အခြေခံပြီး အဆင့်မြှင့်လာတဲ့ သူ့ရဲ့အားသာချက်တွေကြောင့်လည်း လူထုအတွင်းကို မြန်မြန်ဆန်ဆန် ထိုးဖောက်လာပါတယ်။

အဲဒီလိုတိုးတက်လာတာတွေက အဘက်ဘက်က အကျိုးရှိတယ်ဆိုပေမယ့် တိုးတက်တာတွေကို တခြားရည်ရွယ်ချက်တွေအတွက် အသုံးချနေကြတာတွေလည်း ပိုများလာပါတယ်။ လူအများသုံးနေကြတဲ့ လူမှုကွန်ရက်တွေဟာ အရင်ကတော့ လူမှု ဆက်ဆံရေး၊ ဆက်သွယ်ရေးအတွက်လို့ဆိုပေမယ့် လက်တွေ့မှာတော့ နိုင်ငံရေးအစ စီးပွားရေးအဆုံး အကုန်လုံးအတွက် အသုံးပြုနေကြပါတယ်။ ဒီတော့ လူမှုကွန်ရက်တွေဟာ လူထုအတွင်း ထိုးဖောက်အားလည်းကောင်းတယ်၊ နယ်ပယ်အကုန်လုံးအတွက်လည်း သုံးနိုင်တဲ့အတွက် တချို့သူတွေဟာ လူမှုကွန်ရက်ကို မသမာတဲ့နည်းနဲ့ အသုံးချလာနေကြပါတယ်။ လူမှုကွန်ရက်တွေရဲ့အားသာချက်ကို အလွဲအသုံးချလာတဲ့ အကျိုးဆက်က သတင်းညစ်ညမ်းမှုတွေ များလာပြီး လူထုကိုအဆိပ်အတောက် ဖြစ်စေလျက်ရှိပါတယ်။

### သတင်းမှားများ

လူမှုကွန်ရက်တွေဟာလည်း နည်းပညာတိုးတက်သလိုပါပဲ။ ဆိုးကျိုးထက် ကောင်းကျိုးတွေက ပိုများပါတယ်။ တစ်ဦးချင်းစီရဲ့ အသုံးပြုတဲ့နည်းလမ်းအပေါ်မူတည်ပြီး အကောင်း၊ အဆိုး သက်ရောက်မှုပမာဏတော့ ကွာပါတယ်။ လူမှုကွန်ရက်ကို ထိထိရောက်ရောက် အကျိုးရှိရှိသုံးတဲ့အတွက် အကျိုးရှိနေတဲ့သူတွေ အမြောက်အမြားရှိနေပေမယ့် လူမှုကွန်ရက်ကို အလွန်အကျွံသုံးတဲ့အတွက် စိတ်ပိုင်းရုပ်ပိုင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အလုပ်အကိုင်တွေကို ထိခိုက်နေတဲ့သူတွေလည်း ရှိနေပါတယ်။ ဒါက တစ်ဦးတစ်ယောက်ချင်းကို ထိခိုက်စေတာပါ။

အများကို ထိခိုက်စေတဲ့ ဘေးထွက်ဆိုးကျိုးကတော့ လူမှုကွန်ရက်တွေပေါ်မှာ သတင်းမှားတွေနဲ့ လုပ်ကြံသတင်းတွေ ကျယ်ပြန့်လာတာ ဖြစ်ပါတယ်။ သတင်းအမှားတွေ ဆိုတာကတော့ ရရှိတဲ့အချက်အလက်တွေ မမှန်ကန်တဲ့အတွက် မှားယွင်းတာ၊ ဒါမှမဟုတ် မတိကျတဲ့သတင်းတွေ ဖြစ်ပါတယ်။ ကောလာဟလသတင်း၊ မဟုတ်တမ်းတရားတွေနဲ့ နောက်ပြောင်မှုတွေဟာ သတင်းမှားတွေ ဖြစ်ပါတယ်။ လုပ်ကြံသတင်းဆိုတာကတော့ မှားယွင်းတဲ့သတင်းအချက်အလက်တွေကို ရည်ရွယ်ချက်ရှိရှိဖန်တီးပြီး တမင်တကာ လွဲမှားစေအောင်ရည်ရွယ်တဲ့ သတင်းအမှားတွေပဲ ဖြစ်ပါတယ်။

လုပ်ကြံသတင်းတွေက ဦးတည်ချက်တစ်ခုအတွက် လှည့်ဖြားတာ၊ ဖြားယောင်းတာနဲ့ ဝါဒဖြန့်လိုတဲ့ ရည်ရွယ်ချက်ဖြစ်လို့ အန္တရာယ်ရှိတဲ့အကြောင်းအရာတွေ ပါဝင်ပါတယ်။ လုပ်ကြံသတင်းတွေကြောင့် လူထုကြားမှာ ကြောက်ရွံ့မှုတွေနဲ့ သံသယတွေ ပျံ့နှံ့စေပါတယ်။ သတင်းအတု၊ ဝါဒဖြန့်တာနဲ့ လုပ်ကြံသတင်းဆိုတဲ့ အသုံးအနှုန်းတွေက တစ်ခုနဲ့တစ်ခု လက်ယှက်ထိုး ဆက်နွယ်နေကြပါတယ်။ သတင်းမှားတွေနဲ့ လုပ်ကြံသတင်းမှာလည်း တခြားအမျိုးအစားတွေ များစွာ ရှိပါသေးတယ်။

### ကြီးမားကျယ်ပြန့်လာမှု

မသမာသူတွေ၊ မသမာတဲ့အဖွဲ့အစည်းတွေဟာ တခြားသူတွေကို အန္တရာယ်ဖြစ်စေဖို့၊ ဒါမှမဟုတ် ကိုယ်ကျိုးအတွက်၊ နိုင်ငံရေးအတွက်နဲ့ ငွေကြေးအကျိုးအမြတ်တစ်ခုခုအတွက် လူထုကို လိမ်လည်လှည့်ဖြားဖို့ သတင်းအမှား ဒါမှမဟုတ် လုပ်ကြံသတင်းတွေကို ရည်ရွက်ချက်ရှိရှိ ဖန်တီးဖြန့်ဝေနေကြတဲ့အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုအပါအဝင် တခြားဆိုးကျိုးတွေ ကြီးကြီးမားမား သက်ရောက်နေပါတယ်။ ဒါကြောင့်လည်း သတင်းအမှားနဲ့လုပ်ကြံသတင်းတွေ ပျံ့နှံ့နေတာကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါလို့ ခေါ်ကြတာပါ။

လူမှုကွန်ရက်တွေနဲ့ အွန်လိုင်းမီဒီယာတွေမှာ အချိန်နဲ့အမျှ သတင်းတွေပျံ့နှံ့တဲ့နှုန်းနဲ့ ပမာဏဟာ အစွမ်းထက်တဲ့လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း လူမှုကွန်ရက်တွေနဲ့ အွန်လိုင်းမီဒီယာတွေကို နည်းလမ်းပေါင်းစုံနဲ့ အသုံးချနေကြပါတယ်။ ဒီကနေ့ဖြစ်နေတဲ့ သတင်းတု၊ သတင်းမှားဖြန့်ဝေတာဟာ ရှေးယခင်ကတည်းက ရှိခဲ့တယ် ဆိုပေမယ့် ဒစ်ဂျစ်တယ်နည်းပညာနဲ့ လူမှုမီဒီယာခေတ်မှာတော့ သတင်းအမှားတွေနဲ့ လုပ်ကြံသတင်းတွေဟာ အရင်ကနဲ့မတူဘဲ အရှိန်အဟုန်နဲ့ ပျံ့နှံ့နေပါတယ်။

နောက်ပြီး အဆင့်မြင့်လာတဲ့ဉာဏ်ရည်တုနည်းပညာကြောင့် သတင်းအမှားနဲ့ လုပ်ကြံသတင်းပုံစံသစ်တွေ ဖြစ်ပေါ်နေပါတယ်။ ဒ့ါအပြင် သတင်းတုမီဒီယာလို့ခေါ်တဲ့ သတင်းရဲ့မူလအဓိပ္ပာယ်တွေကို ပြောင်းလဲဖို့ ဒါမှမဟုတ် လွဲမှားစေဖို့အတွက် အလိုအလျောက်နည်းလမ်းတွေ၊ အထူးသဖြင့် ဉာဏ်ရည်တုတွေနဲ့ အချက်အလက်အတု ထုတ်လုပ်တာ၊ ထိန်းချုပ်တာနဲ့ ပြုပြင်မွမ်းမံတာတွေကို ပြုလုပ်နေကြပါတယ်။ တချို့ သတင်းအတုတွေက ပြဿနာမကြီးမားပေမယ့် လုပ်ကြံသတင်းတွေနဲ့ ဝါဒဖြန့် သတင်းတွေကတော့ သတင်းစားသုံးသူတွေကို ထိခိုက်စေ၊ အန္တရာယ်ဖြစ်စေပါတယ်။ အခုဆိုရင် လုပ်ကြံသတင်းတွေရဲ့အန္တရာယ်ဟာ နိုင်ငံတကာမှာ စိုးရိမ်ဖွယ်ကိစ္စတစ်ခု ဖြစ်နေပါတယ်။

တစ်နေ့တခြား သတင်းအမှားတွေ လူမှုကွန်ရက်တွေပေါ်မှာ ပျံ့နှံ့နေတာဟာ လူမှုကွန်ရက်အသုံးပြုတဲ့သူတွေရဲ့ စဉ်းစားဆင်ခြင်မှုအားနည်းတာ ဒါမှမဟုတ် အစွန်းရောက်ယုံကြည်တာတွေကြောင့် သတင်းအမှားတွေပျံ့နှံ့တာလို့ *စာမျက်နှာ ၇ သို့*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၃ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပူဂင့်ကမ်းလျန် အစား ဒေါက်တာမှုထန် အား အစားထိုး ခန့်အပ်လိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၄ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအေးကျော် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒုတိယဝန်ကြီး ဦးအေးထွန်း သီတဂူဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇**

ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာ သီတဂူ နွေရာသီစံကျောင်းတော်၌ သီတင်းသုံးတော်မူသည့် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိမဟာနာယက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ သီတဂူဆရာတော်ဘုရားကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် သွားရောက်ဖူးမြော်ကန်တော့ကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ (ဓာတ်ပုံ)



ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် သီတဂူဆရာတော်ဘုရားကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လောရန်မြို့ မြင်းဖြူကျောင်းတော်ရှိ ရွှေတိဂုံပုံတူစေတီတော် ပြန်လည်ပြုပြင် မွမ်းမံရေးကိစ္စ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် အလှူခံကြွရောက်မည့် ပြည်ပဘွဲ့ခံဆရာတော်ဘုရားကြီးများ၏ ကြွရောက်လာကြမည့် အခြေအနေများကို တင်ပြလျှောက်ထားပြီး သီတဂူနွေရာသီစံကျောင်းတွင် တည်ထားလျက်ရှိသည့် သီတဂူဆန်ချီစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ သီတဂူဆန်ချီစေတီတော်အတွက် နဝကမ္မဝတ္ထုငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီးသို့ သွားရောက်ဖူးမြော် ကြည်ညို၍ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ပြင်ဦးလွင်မြို့ရှိ ရွှေစင်မင်း သီလရှင်သင်ပညာရေးကျောင်းသို့ သွားရောက်ကာ ပညာသင်ကြားနေမှု၊ ဆရာ ဆရာမများကို နိုင်ငံတော်အစိုးရက ချီးမြှင့်ထောက်ပံ့ငွေပေးအပ်မှု၊ သီလရှင်သင်ပညာရေးကျောင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများကို ဆွေးနွေး၍ လိုအပ်သည်များကို တိုင်းဒေသကြီး / မြို့နယ်သာသနာရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းပေး၍ ဝတ္ထုငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သာမန်အားဖြင့် ယူဆကြပါတယ်။ သတင်းအမှားတွေ ပျံ့နှံ့ဖို့အတွက် လူမှုကွန်ရက်အသုံးပြုသူတွေရဲ့ အားနည်းချက်တွေရှိသလို တစ်ဖက်မှာလည်း အသုံးပြုသူတွေကို ဆွဲဆောင်နေတာတွေနဲ့ မက်လုံးပေးလှုံ့ဆော်နေတာတွေ ရှိပါတယ်။ အထက်မှာဆိုခဲ့သလို အဆင့်မြင့်လာတဲ့ အသိဉာဏ်တုတွေဟာ လူမှုကွန်ရက်အသုံးပြုသူတွေရဲ့ အကြိုက်ကိုလိုက်ပြီး ဆွဲဆောင်ပေးနေပါတယ်။ ဒါ့အပြင် ဆိုရှယ်မီဒီယာပေါ်မှာ ဆုချီးမြှင့်မှု အခြေခံတဲ့စနစ်တွေကြောင့် သုံးစွဲသူတွေဟာ တခြားသူတွေ အသိအမှတ်ပြုထားကြတဲ့ သတင်းအချက်အလက်တွေကို မျှဝေတဲ့အလေ့အထတွေ ဖြစ်လာစေတယ်လို့ သုတေသနလေ့လာချက်တွေက ဆိုပါတယ်။

လူမှုကွန်ရက်တွေရဲ့ ဆွဲဆောင်မှု၊ လှုံ့ဆော်မှုနဲ့ မက်လုံးပေးမှုတွေကြောင့် လူမှုကွန်ရက်အသုံးပြုသူတွေရဲ့ အလေ့အထတွေပြောင်းလဲလာပြီး သတင်းအမှားတွေကို ဖြန့်ဝေစေပါတယ်။ ဒါ့အပြင် စိတ်ဝင်စားစရာကောင်းတာက လူထုထဲ သတင်းအမှားတွေ ထိုးဖောက်ဖို့ ဘယ်သူတွေက သတင်းအမှားတွေ ဖြန့်ဝေနေကြသလဲ၊ ဘာအကျိုးစီးပွားအတွက်လဲဆိုတာကလည်း သတင်းအမှားဖြန့်ဝေမှု တိုက်ဖျက်ရေးမှာ အရေးကြီးတဲ့ စဉ်းစားစရာပဲ ဖြစ်ပါတယ်။ လူမှုကွန်ရက်ကြီးတွေနဲ့ ဒစ်ဂျစ်တယ်မီဒီယာကြီးတွေကို ဘယ်သူတွေက ပိုင်ဆိုင်ပြီး ဘယ်သူတွေက ထိန်းချုပ်ထားသလဲဆိုတာကိုကြည့်ရင် ယေဘုယျခန့်မှန်းလို့ ရနိုင်ပါတယ်။ သတင်းအမှားဖြန့်ဝေမှုတွေ များပြားလာတာဟာ ယနေ့ကမ္ဘာမှာဖြစ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး ယှဉ်ပြိုင်မှုတွေနဲ့လည်း ဆက်စပ်နေကြပါတယ်။ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ ကိုယ်ကျိုးစီးပွားတွေအတွက် လူမှုကွန်ရက်နဲ့ အွန်လိုင်းမီဒီယာတွေကို အသုံးချနေပါလိမ့်ဦးမယ်။

### ကြီးမားသောထိခိုက်မှု

သတင်းအမှားတွေနဲ့ လုပ်ကြံသတင်းတွေဟာ မမြင်နိုင်တဲ့ လက်သီးပုန်းနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ အစဉ်အဆက် အသုံးပြုခဲ့ကြတဲ့ ဝါဒဖြန့်တဲ့နည်းလမ်းတွေထဲက တစ်ခုဆိုရင်လည်း မမှားပါဘူး။ ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ အသုံးပြုတဲ့နည်းလမ်းပုံစံတွေသာ ကွဲပြားသွားတာပါ။ တချို့သတင်းမှားနဲ့ လုပ်ကြံသတင်းတွေဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ပစ်မှတ်ကို ဦးတည်တတ်ပေမယ့် တချို့သတင်းမှားတွေကတော့ မရည်ရွယ်ဘဲ ပျံ့နှံ့သွားပြီး လူထုကို ဘေးအန္တရာယ်ဖြစ်စေတာတွေလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သတင်းအမှားတွေနဲ့ လုပ်ကြံသတင်းတွေဟာ လူမှုကွန်ရက်အသုံးပြုသူတွေကို အဆိပ်သင့်စေပြီး လူထုအတွင်း မတည်ငြိမ်မှု၊ မယုံကြည်မှုနဲ့ ပဋိပက္ခတွေကို ဖြစ်ပေါ်စေပါတယ်။ သတင်းအမှားတွေဟာ လူတွေရဲ့ ယုံကြည်ချက်၊ သဘောထားနဲ့ ခံယူချက်တွေကို ပြောင်းလဲစေပြီး နောက်ဆုံးမှာ လူတွေရဲ့အပြုအမူတွေကိုပါ ပြောင်းလဲသွားစေပါတယ်။ လူမှုကွန်ရက်အသုံးပြုသူတစ်ဦးဟာ သတင်းတုတစ်ခုကို ယုံကြည်လိုက်ရင် အဲဒီသတင်းကနေ သူ့ရဲ့ ယုံကြည်ချက်နဲ့ ဆုံးဖြတ်ချက်တွေကို အပြောင်းအလဲဖြစ်စေပါတယ်။ အဲဒီလို တစ်ဦးချင်းကနေ လူ့အဖွဲ့အစည်းအထိ ကျယ်ပြန့်လာတဲ့အခါ ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေကလည်း ကြီးမားလှပါတယ်။

လူ့အဖွဲ့အစည်းအတွင်းမှာ သတင်းညစ်ညမ်းမှုတွေ များလာရင် လူတစ်ဦးချင်းစီရဲ့ စဉ်းစားဆင်ခြင်မှုနဲ့ ဆုံးဖြတ်နိုင်စွမ်းကို ထိခိုက်စေပါတယ်။ အထူးသဖြင့်ကတော့ လူမှုကွန်ရက်တွေပေါ်မှာ အမုန်းစကားနဲ့ ရန်လိုမှုတွေ ကြီးထွားလာစေပါတယ်။ အဲဒီက တစ်ဆင့် လူမှုရေးအုပ်စုကွဲလာကြပြီး တစ်ဖက်နဲ့တစ်ဖက် မယုံကြည်မှုတွေ တိုးပွားစေပါတယ်။ သတင်းညစ်ညမ်းမှုတွေ များလာရင် လူ့အဖွဲ့အစည်းရဲ့ အရေးကြီးတဲ့ လုပ်ငန်းစဉ်တွေကို ပိုမိုထိခိုက်လာနိုင်တာကြောင့် ရေရှည်မှာ လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ဖြစ်စေတွေ ဖိတ်ခေါ်လာမှာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာ လူအများစုဟာ ဆိုရှယ်မီဒီယာ သတင်းတွေအပေါ် အားကိုးနေကြတာကြောင့် လူ့အဖွဲ့အစည်းအပေါ် သတင်းညစ်ညမ်းမှုရဲ့ သက်ရောက်မှုတွေအကြောင်း သိထားသင့်ပါတယ်။ ဒါမှ ဆောင်နိုင်၊ ရှောင်နိုင်ပါလိမ့်မယ်။ အလေးထားသင့်တာက မျိုးဆက်သစ်လူငယ်အများစုဟာ သူတို့လိုအပ်တဲ့ အသိပညာရှာဖွေမှု၊ သတင်းအချက်အလက်ရှာဖွေမှုနဲ့ အပန်းဖြေမှုအတွက် ဆိုရှယ်မီဒီယာတွေနဲ့ အင်တာနက်ကို အချိန်အတော်များများ အသုံးပြုနေကြတာမို့ သတင်းမှား၊ လုပ်ကြံသတင်းနဲ့ ဝါဒဖြန့်တာတွေရဲ့ ထိခိုက်နိုင်ခြေ ပိုများနေပါတယ်။

### သတိနှင့်ဆင်ခြင်

လူမှုကွန်ရက်၊ သတင်းနဲ့ဆက်သွယ်ရေးနည်းပညာတွေဟာ လူသားတွေကို ကြီးကြီးမားမား အကျိုးပြုတာ အားလုံးအသိပါပဲ။ နောင်လည်း မရှိမဖြစ် ဆက်လက်လိုအပ်နေဦးမှာပါ။ ကိုယ်အသုံးချနိုင်ရင် အသုံးချနိုင်သလောက် အကျိုးဖြစ်စေပါလိမ့်မယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ သတင်းညစ်ညမ်းမှုတွေ တဖြည်းဖြည်းနဲ့ ကမ္ဘာ့ကပ်ရောဂါတစ်ခုသဖွယ် တဖြည်းဖြည်းကူးစက်လာနေပါတယ်။ ဒီတော့ လူမှုကွန်ရက်တွေနဲ့ ဒစ်ဂျစ်တယ်မီဒီယာတွေကို အန္တရာယ်မရှိအောင် အသုံးပြုနိုင်ဖို့ လိုပါတယ်။ အန္တရာယ်ကင်းကင်းအသုံးပြုနိုင်ဖို့ဆိုရင် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်မှာ လူမှုကွန်ရက်တွေနဲ့ မီဒီယာတွေ ဘယ်လိုအလုပ်လုပ်နေကြသလဲဆိုတာ သိထားဖို့ပါပဲ။

သူတို့ရဲ့ အလုပ်လုပ်ပုံကို သိထားရင် သတင်းမှားတွေကို ရှောင်နိုင်ပါတယ်။ နောက်တစ်ခုကတော့ ကာယကံရှင်ဖြစ်တဲ့ သုံးစွဲသူကိုယ်တိုင် သတိနဲ့ဆင်ခြင် အသုံးပြုဖို့ ဖြစ်ပါတယ်။ နည်းပညာတွေမြင့်လာတဲ့ အတွက် လူသားတွေဟာ အဲဒီနည်းပညာတွေကို ပိုပြီးအားကိုးလာရတာ မှန်ပေမယ့် အမှား/အမှန် ချင့်ချိန်စဉ်းစားနိုင်စွမ်းနဲ့ လိုက်လျောညီထွေဆုံးဖြတ်နိုင်စွမ်းတွေကိုတော့ လူသားတွေက ပိုင်ဆိုင်ထားတာဖြစ်လို့ ကိုယ့်ရဲ့ဆင်ခြင်တုံတရားနဲ့ ကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ The Importance of Technology in Our Daily Life – How Has Technology Changed Our Lives? https://www.scientificworldinfo.com/2019/11/importance-of-technology-in-our-daily-life.html

၂။ Rise of disinformation a symptom of ‘global diseases’ undermining public trust: Bachelet, https://news.un.org/en/story/2022/06/1121572

၃။ USC study reveals the key reason why fake news spreads on social media, JANUARY 17, 2023 https://news.usc.edu/204782/usc-study-reveals-the-key-reason-why-fake-news-spreads-on-social-media/

၄။ https://www.weforum.org/agenda/2022/09/tackling-disinformation-agenda-dialogues/

# နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားဖော်ဆောင်နိုင်ရန် ပေးအပ်သော တာဝန်များကို ညီညွတ်စွာ ဆောင်ရွက်သွားကြရန်လို



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် လောကနတ်ခန်းမ၌ ကျင်းပရာ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ သံအမတ်ကြီး ဦးမောင်မောင်လင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေးမြင့်မားစေရန် မိမိကိုယ်မိမိ တည်ဆောက်ရန် လိုအပ်ပြီး ကိုယ်စားပြုသော ဌာနနှင့် နိုင်ငံတော်၏ တာဝန်များကို ကျေပွန်စွာ ထမ်းရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းဖြစ်သဖြင့် တစ်ဦးတစ်ယောက်ချင်း အရည်အသွေး မြင့်မားစွာ တည်ဆောက်ပြီး အစုအဖွဲ့ဖြင့် ညီညွတ်စွာ ဆောင်ရွက်မှသာ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ခုထက်ပိုလျှင် ညီရမည် ဟူသောစကားအတိုင်း ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သင်ယူလေ့လာမှုများကို စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ သင်ယူလေ့လာပြီးပါက စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် သုံးသပ်၍ တိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဆင့်မြင့် အရာထမ်းများ အနေဖြင့်လည်း မိမိလက်အောက်ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ညီညွတ်စွာဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက် သစ္စာရှိရန်မှာလည်း အထူးအရေးကြီးကြောင်း၊ သစ္စာပျက်ယွင်းမှုကြောင့် လက်တွဲဖြုတ်ခဲ့ရသည့် သာဓကများရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ အခြေအနေများကို နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မြင်တွေ့သိရှိပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရန် လိုကြောင်း၊ ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရန် ဥပဒေထုတ်ပြန် တားမြစ်ထားခြင်းမှာ ဒီမိုကရေစီ နိုင်ငံတိုင်းလိုလို ဥပဒေဖြင့် တားမြစ်ထုတ်ပြန်ထားခြင်းဖြစ်သည်ကို သိရှိနားလည်လိုက်နာရန်လိုကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သဘောသဘာဝအရ ဝန်ထမ်းများသည် ပြည်တွင်းတစ်လှည့် ပြည်ပတစ်လှည့် သွားရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ ပထဝီနိုင်ငံရေး အခြေအနေကို သိရှိနားလည်သဘောပေါက်ထားရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေအမှန်ကို သိရှိပြီး နိုင်ငံတကာမျက်နှာစာတွင် အခြားသူများ နားလည်သဘောပေါက်အောင် ပြောကြားနိုင်ရေးအတွက် သံတမန် ဝန်ထမ်းများအနေဖြင့် ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် မိမိအောင်မြင်တိုးတက်မှုအတွက် ကြိုးစားရင်း နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားဖော်ဆောင်နိုင်ရန် အတ္တဟိတ၊ ပရဟိတ္တ စိတ်ဓာတ်ပြည့်စုံစွာဖြင့် ပေးအပ်သော တာဝန်များကို ညီညွတ်စွာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ထမ်းများ စိတ်ဓာတ်နှင့် စွမ်းရည်ပြည့်ဝ မှန်ကန်စေရေး လေ့ကျင့်ပျိုးထောင်သွားရန် လိုကြောင်း၊ တာဝန်ရှိသော အဆင့်မြင့် အရာထမ်းများအနေဖြင့်လည်း ဝန်ထမ်းများ၏ ပင်ကိုအရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် နည်းလမ်းများ ကြံဆဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံရှိကြသူများ ဖြစ်သည်နှင့်အညီ မိမိတို့၏ အတွေ့အကြုံများကို ပေါင်းစပ်၍ နိုင်ငံနှင့်နိုင်ငံသားများအကျိုး ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးအခမ်းအနားသို့ တက်ရောက်လာသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအနက် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လုပ်ငန်းကော်မတီဝင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရနှင့် အဖွဲ့ဝင် သုံးဦးတို့က Virtual စနစ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ တက်ရောက်ကြသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီကို စုစုပေါင်းအဖွဲ့ဝင် ၁၃ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားများနှင့် ဥပဒေအရနိုင်ငံသားများအား တည်ဆဲဥပဒေဖြစ်သည့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီစိစစ်၍ ၎င်းတို့၏နိုင်ငံသားဖြစ်တည်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ယခုလည်း ပန်းခင်းစီမံချက်ဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပြန်လည်လက်ခံရေး ဆောင်ရွက်သွားမည်**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပသည့် မြန်မာ–တရုတ်–ဘင်္ဂလားဒေ့ရှ် ဒုတိယအကြိမ် သုံးပွင့်ဆိုင် ဆွေးနွေးပွဲတွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား Pilot Project ဖြင့် လျာထားဆောင်ရွက်နိုင်ရေး ဆုံးဖြတ်ခဲ့ပြီး အိမ်ထောင်စု လူဦးရေစာရင်းများ ပေးပို့ခဲ့ပါကြောင်း၊ ၂၀၂၁/၂၀၂၂ ခုနှစ်တွင် ထပ်မံမွေးဖွားသည်ဟု ယူဆရသူ မွေးတိုးကလေးများအား MoU တွင်ပါရှိသည့်အတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးမှ မှန်ကန်ကြောင်းထောက်ခံချက်ပါရှိမှသာ ပြန်လည်လက်ခံနိုင်မည်ဖြစ်ကြောင်းကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆွေးနွေးပြောကြားပေးပို့ခဲ့ပါကြောင်း၊ Pilot Project ဖြင့် လက်ခံမည့်သူများအား မျက်မြင်ကြည့်ရှုစစ်ဆေးနိုင်ရန် မျက်မြင်စစ်ဆေးရေးနေရာအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အဆိုပြုနေရာအား သတ်မှတ်ကာ ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြန်လည်လက်ခံရေးကိစ္စရပ်များကို ယခုအစည်းအဝေးတွင်ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ယင်းတို့၏ မျက်မြင်စစ်ဆေး တွေ့ရှိချက်များကိုလည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီမှတစ်ဆင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ဗဟိုကော်မတီ၏ အတည်ပြုချက်ရရှိမှသာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စတုတ္ထအကြိမ် ပေးပို့သည့်စာရင်းများတွင် ဟိန္ဒူများလည်း ပါဝင်၍ ၎င်းတို့ကိုလည်း Pilot Project တွင် စိစစ်၍ ပြန်လည်လက်ခံနိုင်ရေး လျာထားပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် တောင်ပြိုလက်ဝဲနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်း နှစ်ခု ဖွင့်လှစ်ထားရှိပြီး ကုန်းလမ်းကြောင်းမှ ဝင်ရောက်လာသူများအတွက် တောင်ပြိုလက်ဝဲမှလည်းကောင်း၊ ရေလမ်းကြောင်းမှ ဝင်ရောက်လာသူများအတွက် ငါးခူရမှလည်းကောင်း ပြန်လည်လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများစုဖွဲ့၍ အသုံးပြုမည့် လုပ်ငန်းသုံးပုံစံများ၊ စက်ပစ္စည်းများ ပြည့်စုံစွာ ဖြည့်တင်းထားရှိပြီး စခန်းအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများ အနေဖြင့် မိမိတို့ဌာနနှင့် သက်ဆိုင်သည့် အချက်အလက်များအပေါ် မူတည်၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်က လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် အချက်အလက်များ တိုက်ဆိုင်စိစစ်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းက ရခိုင်ပြည်နယ်အတွင်းနိုင်ငံသားစိစစ်ရေး လုပ်ငန်းများဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ရခိုင်ပြည်နယ် စစ်တွေမြို့မှ Virtual စနစ်ဖြင့် တက်ရောက်ကြသည့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ ဌာနအလိုက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ယခု Pilot Project ဖြင့် ပြန်လည်လက်ခံမည့်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပတ်သက်သည့် ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီး H.E. Shri G.Kishan Reddy တို့၏ Virtual Meeting ကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**







အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး/ သံရုံးယာယီတာဝန်ခံနှင့် ပထမအတွင်းဝန်တို့ တက်ရောက်ခဲ့ကြပြီး အိန္ဒိယဘက်မှ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသ ဝန်ကြီးဌာနနှင့် ပြည်ပရေးရာ ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ Hybrid Meeting ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တိုင်းဒေသကြီး/ ပြည်နယ် ချေးငွေစိစစ်ကြပ်မတ်ရေး အဖွဲ့ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ခေါင်းဆောင်က တိုင်းဒေသကြီး/ပြည်နယ်များရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ CMP လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ အပါအဝင် ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၅၉၉၀ အတွက် ချေးငွေပမာဏ ငွေကျပ် ၁၅၈ ဒသမ ၄၄၃၈ ဘီလီယံ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ/ လုပ်ငန်း ၃၂၇ ခု အတွက် ချေးငွေပမာဏ ငွေကျပ် ၇ ဒသမ ၆၃ ဘီလီယံအား ချေးငွေထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ထုတ်ပေးထားသည့် ချေးငွေများကို စိစစ်ကြီးကြပ်ဆောင်ရွက်ရာတွင် ချေးငွေဆုံးရှုံးနိုင်ခြေရှိမှုတို့ကိုသာမက ချေးငွေထုတ်ပေးထားသည့် လုပ်ငန်းများ၏ အောင်မြင်မှုနှင့် လုပ်ငန်းလည်ပတ်နိုင်မှု အခြေအနေကို စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း (Monitoring and Evaluation Process) ဆောင်ရွက်နိုင်ရေးအတွက် Success Story စစ်တမ်းကောက်ယူရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ချေးငွေနှင့် အတိုးကောက်ခံရရှိမှု အခြေအနေ၊ ချေးငွေထုတ်ယူထားသောလုပ်ငန်းများမှ ပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေ၊ Success Story စစ်တမ်းကောက်ယူရန် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# စက်သုံးဆီဈေးနှုန်းများ အနည်းငယ်ကျဆင်း

မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်း/သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့ကြီးများ၏ စက်သုံးဆီ ရည်ညွှန်းလက်ကားဈေးနှုန်းများအား နေ့စဉ် ထုတ်ပြန်ပေးလျက်ရှိပါသည်။

ရွှေဘိုမြို့တွင် စက်သုံးဆီဆိုင် ၁၉ ဆိုင် ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ၂၀၂၃ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် စက်သုံးဆီဈေးနှုန်းများမှာ ဓာတ်ဆီ(92) တစ်လီတာလျှင် ၂၂၇၀ ကျပ်၊ ဓာတ်ဆီ(95) တစ်လီတာလျှင် ငွေကျပ်၂၃၄၀ ၊ ဒီဇယ်(ရိုးရိုး) တစ်လီတာလျှင် ငွေကျပ် ၂၄၇၀၊ ဒီဇယ် (ပရီမီယမ်) တစ်လီတာလျှင်ငွေကျပ် ၂၅၅၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလ ပထမပတ်တွင် စက်သုံးဆီဈေးနှုန်းများမှာ ဓာတ်ဆီ (92) တစ်လီတာလျှင် ငွေကျပ် ၂၂၅၀၊ ဓာတ်ဆီ(95)တစ်လီတာလျှင် ငွေကျပ်၂၃၁၀၊ ဒီဇယ်(ရိုးရိုး) တစ်လီတာလျှင် ငွေကျပ် ၂၃၂၀၊ ဒီဇယ် (ပရီမီယမ်)တစ်လီတာလျှင် ငွေကျပ် ၂၄၀၀ ဖြင့် ရောင်းချနေသောကြောင့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဓာတ်ဆီ(92) တစ်လီတာလျှင် ငွေကျပ် ၂၀၊ ဓာတ်ဆီ(95)တစ်လီတာလျှင် ငွေကျပ် ၃၀၊ ဒီဇယ် (ရိုးရိုး) တစ်လီတာလျှင် ငွေကျပ် ၁၅၀၊ ဒီဇယ်(ပရီမီယမ်) တစ်လီတာလျှင် ငွေကျပ် ၁၅၀ ဖြင့် ဈေးနှုန်းအသီးသီး ကျဆင်းလျက်ရှိကြောင်း စက်သုံးဆီအရောင်းဆိုင်များမှ သိရှိရပါသည်။

**DOCA(စစ်ကိုင်း)**

# ပုသိမ်ဆန်စပါးဈေးကွက် ယခင်လထက် ဈေးနှုန်းမြင့်တက် အရောင်းအဝယ်သွက်

ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် ယခင် ဇန်နဝါရီလ ရော်ဝတီ ပေါ်ဆန်းစပါးတင်း ၁၀၀ ငွေကျပ် သိန်း ၂၀ ဝန်းကျင်၊ ဆန်တစ်အိတ် ကျပ် ၆၇၀၀၀ ခန့်ဈေးမှ စပါးဈေးတစ်သိန်းဝန်းကျင်မြင့်တက်၍ ယခုစပါးတင်း ၁၀၀ ငွေကျပ် ၂၁ သိန်းဝန်းကျင်၊ ဆန်တစ်အိတ် ကျပ်၃၀၀၀ ခန့်မြင့်တက်၍ ယခုဆန်တစ်အိတ် ငွေကျပ် ၇၀၀၀၀ ဝန်းကျင် ဖြစ်သွားကြောင်း၊ ယခင်လ မနောသုခ၊ မျိုးပွား စပါးတင်း ၁၀၀ ငွေကျပ် ၁၄ သိန်းဝန်းကျင်၊ ဆန်တစ်အိတ် ကျပ် ၄၇၀၀၀၊ ၄၈၀၀၀ ဈေးမှ စပါးဈေး တစ်သိန်းဝန်းကျင့် မြင့်တက်သွားပြီး စပါးတင်း ၁၀၀ ငွေကျပ် ၁၅ သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၅၀၀၀ ခန့် မြင့်တက်လျက် ဆန်တစ်အိတ် ငွေကျပ် ၅၂၀၀၀၊ ၅၃၀၀၀ ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

စပါးဈေးနှုန်းများမှာ စပါးအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသလို ဆန်ဈေးလည်း ကွာခြားမှုရှိကြောင်း ဈေးကွက်မှာ အရောင်းအဝယ် သွက်သည့်အတွက် စက်ပိုင်၊ ကုန်သည်များမှ ဈေးပေးဝယ်ယူလျက်ရှိပြီး ရန်ကုန်နှင့်အညာဒေသမှ ဝယ်လိုအားရှိသည့်အတွက် ဈေးနှုန်းမြင့်တက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

**DOCA(ဧရာဝတီ)**

# ဝဥစက်ရုံများ ပီလောပီနံ အခြောက်/အမှုန့်များထုတ်လုပ်ခြင်းဖြင့် ဝင်ငွေရရှိ

ဝဥစက်ရုံများအနေဖြင့် ဝဥထွက်ပေါ်ချိန် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ပုံမှန်လည်ပတ်လျက်ရှိသည်။ ဝဥရာသီကုန်ဆုံးချိန်တွင် ဝဥစက်ရုံများ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်း မဖြစ်စေရန် ပီလောပီနံ အခြောက် (အကွင်း)/ အမှုန့်များ ဆက်လက်ထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါသည်။

ပီလောပီနံဥများကို မွန်ပြည်နယ် မုဒုံ၊ တောင်ကလေး၊ ကျွန်းရွာ၊ သံဖြူဇရပ်၊ ဘုရားသုံးဆူမြို့များနှင့် ကရင်ပြည်နယ်တို့မှ ဝယ်ယူရရှိပြီး စက်ရုံအရောက်ဈေးနှုန်းပီလောပီနံ အစိုတစ်ပိဿာလျှင် ငွေကျပ် ၃၇၀ ဖြင့် ဝယ်ယူရရှိကြောင်း သိရှိရပါသည်။ ပီလောပီနံဥများကို ဝဥထုတ်လုပ်သကဲ့သို့ပင် ရေဆေးပြီး ခေးစက်ဖြင့် အကွင်းလိုက်လှီးကာ စက်ဖြင့်အခြောက်ခံ ထုတ်လုပ်ရရှိသည်။ အချို့က အမှုန့်ကြိတ်၍ ထုတ်လုပ်ကြသည်။ ပီလောပီနံဥအစို တစ်ပိဿာလျှင် ပီလောပီနံကွင်းအခြောက် ၄၄ ကျပ်သား ထွက်ရှိကြောင်း သိရှိရပါသည်။ ပီလောပီနံ ကုန်ချော (အကွင်း/အမှုန့်) များကို ဒေသတွင်းမှ အစာသွပ်စက်ရုံ၊ငါးစာ၊ ကြက်စာစက်ရုံများ၊ အစာတောင့်စက်ရုံများ၊ လောင်စာတောင့် စက်ရုံများမှ စက်ရုံသို့ လာရောက် ဝယ်ယူကြကြောင်း သိရှိရသည်။ ပီလောပီနံကွင်း အခြောက် တစ်ပိဿာလျှင် စက်ရုံအထိုင်ဈေး ငွေကျပ် ၈၀၀ ဖြင့် ရောင်းချပြီး တစ်တန်လျှင် ငွေကျပ် ၅၁၀၀၀၀၀ ဖြင့် ရောင်းချရကြောင်း သိရှိရသည်။ ပြည်ပတင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပြီး FOB ဈေးနှုန်း 1 Kg လျှင် ၇ ဘတ်၊တစ်တန်လျှင် ဘတ် ၇၀၀၀ ဖြင့် တင်ပို့ရောင်းချကြောင်း သိရှိရပါသည်။

**DOCA(မွန်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက နောင်တရားရဲ့ အားမာန်တွေ

- - - မြင့်စိုး(နတလ) - - -



**မဲနယ်တောင်လွမ်းချင်း**

ပအိုဝ်းဒေသဟု စဉ်းစားလိုက်သည်နှင့် လွန်ခဲ့သည့် နှစ်ပေါင်း ၄၈ နှစ်တာ အချိန်ကာလ၊ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ ပရဟိတကျောင်း၏ အရိပ်အာဝါသကို မှီခိုရင်း ကိုးတန်း၊ ဆယ်တန်း ကျောင်းသားဘဝ ကြမ်းတစ်ပြေးတည်း အတူနေထိုင်စားသောက် ပညာသင်ကြားခဲ့ကြသော ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံးဒေသများက ကျောင်းနေဖက် သူငယ်ချင်းများကို အမှတ်ရမိသည်။ ထိုမှ ၁၉၈၁-၁၉၈၂ ပတ်ဝန်းကျင် တပ်မတော်သားဘဝ စစ်ဆင်ရေးတာဝန်ဖြင့် ဝင်ရောက်ခဲ့ဖူးသော မဲနယ်တောင်တန်းကြီးပေါ်က ပချားကလို့၊ ကျောက္ကချား ကျေးရွာများ၊ ပွန်ချောင်းနှင့် သံတံတား၊ ဆီဆိုင်ကနေ ရိက္ခာပို့လျှင် တစ်ဝက်ကြိုစနစ်ဖြင့် စောင့်ဆိုင်းခဲ့ရသော နောင်ထော်ကျေးရွာ၊ ဇကပနှင့် ရလလဖ (ပအိုဝ်းအနီ) ပူးပေါင်းအင်အားအချို့နှင့် ထိတွေ့မှုဖြစ်ခဲ့ပြီး အလောင်း၊ လက်နက်များလည်းရ၊ တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီး ချစ်သွင်နှင့် စစ်သည်အချို့ကျဆုံးခဲ့သည့် မိရဲကျေးရွာ၊ ဟိုပုံးမြောက်ဘက်ခြမ်း ကျောက်တန်းကျေးရွာနှင့် ပွန်ချောင်းအကြား နယ်မြေများမှာ သွားလာလှုပ်ရှားခဲ့ရသည်များက တီဗွီဖန်သားပြင်မှာ ပြန်ကြည့်နေရသလို အစီအရီ ပေါ်ပေါက်လာသည်။ ဟော......နယ်ဘက်ဝန်ထမ်းဘဝ နတလဦးစီးဌာန၌ တာဝန်ထမ်းဆောင်ရချိန်မှာ ပအိုဝ်းဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရခဲ့ပြန်ပါသည်။

ပအိုဝ်းဒေသသည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဦးအောင်ခမ်းထီဦးစီးသည့် PNO (ပအိုဝ်းအဖြူ) အဖွဲ့၊ ၁၉၉၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဦးတာကလယ်ဦးစီးသည့် ရလလဖ (ပအိုဝ်းအနီ) အဖွဲ့တို့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာချိန်မှစ၍ နယ်မြေတည်ငြိမ်အေးချမ်းကာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဝေဆာလျက် ငြိမ်းချမ်းရေး၏ အကျိုးရလဒ်ကို ထင်ဟပ်ပေါ်လွင်စေသော ဒေသတစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာခဲ့သည်။ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် (ဗိုလ်ချုပ်ကြီး ခင်ညွန့်-ငြိမ်း) အား ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီက ဒေသထွက်ငှက်ပျောခိုင်ကြီး လက်ဆောင်ပေးနေသည့် ဓာတ်ပုံ၊ အတွင်းရေးမှူး (၁) နှင့် ရလလဖ အဖွဲ့ခေါင်းဆောင် ဦးတာကလယ် (ကွယ်လွန်) တို့ ရင်းရင်းနှီးနှီး လက်ဆွဲနှုတ်ဆက်နေသည့် မှတ်တမ်းဓာတ်ပုံများကို ကျွန်တော်မမေ့ခဲ့။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင်ခွင့် ရရှိပြီးနောက် ၂၀၂၂ ခုနှစ် မေ ၁၁ ရက် ပအိုဝ်းဒေသခရီးစဉ်၌ အဘဦးအောင်ခမ်းထီနေထိုင်ရာ ကျောက်တစ်လုံးကြီးသို့ သွားရောက်ဂါရဝပြု နှုတ်ဆက်ခဲ့ပါသေးသည်။

**ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်**

၂၀၁၁ ခုနှစ်မှစ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့သော အဆိုပါဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်က ရပ်တန့်မသွား၊ ပို၍ပို၍ ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက လမ်း/ တံတားလုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးကိစ္စများ၊ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများ၊ နိပ္ပွန်ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် စေတနာ အဖွဲ့က တည်ဆောက်ပေးသော စာသင်ကျောင်းများ၊ အခြားသောပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာပေါင်း ၄၀ မှ စိုက်ဧက ၁၁၀၀၉ ဧကအတွက် ကုန်ထုတ်လမ်းမိုင် ၅၀ ၃ ဖာလုံကိုလည်းကောင်း၊ တံတားငယ် ၈၉ စင်းကိုလည်းကောင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် အသေးစားဓာတ်အားပေးစနစ်၊ တစ်အိမ်သုံး ဆိုလာစနစ်တို့ဖြင့်လည်းကောင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းများတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာပေါင်း ၄၅၅ ရွာ၌ တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းအပါအဝင် စုစုပေါင်း လုပ်ငန်း ၄၇၆ ခုကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

**စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်း**

ယင်းကဲ့သို့ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ စိုက်ပျိုးရေးလုပ်ငန်းများ သိသာစွာတိုးတက်လာခဲ့သည်။ ဘိုးစဉ်ဘောင်ဆက် သနပ်ဖက်လုပ်ငန်းကို အားပြုစိုက်ပျိုးလာခဲ့ရာမှ ဝင်ငွေတိုးပွားစေမည့် ထောပတ်စိုက်ပျိုးရေး၊ ကော်ဖီစေ့စိုက်ပျိုးထုတ်လုပ်ရေး၊ လက်ဖက်နှင့် သစ်တော်၊ လိမ္မော်နှစ်ရှည်ပင်များကို လည်းကောင်း၊ ရာသီသီးနှံ အာလူး၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ ခရမ်းချဉ်၊ ပန်းမုန်လာ၊ ရွှေပဲသီး၊ နနွင်း၊ ချင်း၊ ဆီထွက်သီးနှံ မြေပဲနှင့် ပန်းနှမ်း၊ နေကြာ၊ ဆီမုန်ညင်းတို့ကို လည်းကောင်း စိုက်ပျိုးလျက်ရှိကြသည်။ အာလူးစိုက်ပျိုးရေးနှင့်ပတ်သက်၍ မူလကဒေသထွက်မျိုးရင်းများနှင့် နှစ်ပေါင်းများစွာ စိုက်ပျိုးလာရာမှ ၂၀၁၄ ခုနှစ်တွင် ကလောမြို့နယ် ဟဲဟိုးမြက်ဆက်ဒေသ၊ ဟိုပုံးမြို့နယ် ကျောက်တန်းဒေသများ၌ နယ်သာလန်မျိုးဟု ပြောရမည့် MARKIES၊ CAROLUS အာလူးမျိုးများ စတင်စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် ဟဲဟိုး၊ နောင်တရားဒေသများမှ အာလူးစိုက်တောင်သူများနှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀ ဦး နယ်သာလန်နိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်နှင့်ဆက်စပ်၍ HEHO Potato Co.,ltd မှ MARKIES နှင့် CAROLUS အာလူးမျိုးများတင်သွင်းကာ ဟဲဟိုး၊ ပင်လောင်း၊ နောင်တရားဒေသများ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့သည်။ ယင်းအာလူးမျိုးများကို ၂၀၁၅ ခုနှစ်မှ ယနေ့အချိန်ထိ စိုက်ပျိုးလျက်ရှိကြသည်။ အိမ်နီးချင်းနိုင်ငံများ၏ အာလူးဈေးကွက်ထိုးဖောက်လာမှုကို ကြုံတွေ့လာရခြင်း၊ နိုင်ငံခြားမှ အာလူးမျိုးများ နှစ်စဉ်မှာယူရာတွင် ဈေးနှုန်းမြင့်မားလာခြင်း၊ မျိုးကောင်းများ မရနိုင်ခြင်းတို့ကြောင့် ယခုအခါ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အာလူးအစုအဖွဲ့များအနေဖြင့် အာလူးတစ်ရှူးကာချာ မျိုးပွားခြင်းလုပ်ငန်းကို သုံးနှစ်အတွင်း အောင်မြင်အောင် ငွေအား၊ လူအားရင်းနှီးမတည်၍ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

**သဘာဝမြေဩဇာစက်ရုံတည်ဆောက်နေ**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၀ ရက် နောင်တရားဒေသ ခရီးစဉ်၌ အာလူးစိုက်တောင်သူများအား သမဝါယမအသင်းဖွဲ့စည်းဆောင်ရွက်ရေး မှာကြားချက်အရ ဦးဆောင်ကော်မတီဝင်ခုနစ်ဦး၊ အမှုဆောင် ၂၁ ဦး၊ အသင်းသား ၁၅၃၂ ဦးဖြင့် စန္ဒာခမ်းနောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းကို ဖွဲ့စည်းခဲ့ကြသည်။ နောင်တရားဒေသ၌ အာလူးအပါအဝင် နှစ်တိုသီးနှံများစိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲမှု၏ ဆိုးကျိုးများကို တွေ့ကြုံလာခဲ့ကြရသည်။ မြေဆီလွှာခန်းခြောက်ပျက်စီးခြင်း၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကျဆင်းလာခြင်း၊ ဗက်တီးရီးယားပိုးရောဂါများ ပိုမိုဖြစ်ပွားလာခြင်း၊ သဘာဝပတ်ဝန်းကျင် ရေ၊ မြေများ ပျက်စီးခြင်း၊ စားသုံးသူများ၏ ကျန်းမာရေးအတွက် လုံခြုံစိတ်ချရမှု လျော့နည်းလာခြင်း စသည်တို့မှာ အဓိကရင်ဆိုင်လာရသော ပြဿနာများ ဖြစ်ကြရသည်။ သည့်အတွက် သဘာဝမြေဩဇာများ ထုတ်လုပ်သုံးစွဲရန် စိတ်ဆန္ဒပြင်းပြလာခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးခွန်ရဲထွေးဦးဆောင်လျက် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လေသာရွာအနီးရှိ စမ်းဝတီ သဘာဝမြေဩဇာစက်ရုံကို လာရောက်လေ့လာခဲ့ကြရာ ကျွန်တော်ကိုယ်တိုင် စောင့်ကြိုနှုတ်ဆက်၍ စက်ရုံတာဝန်ခံဦးမျိုးထက်ဝင်းက လိုက်လံရှင်းလင်းပြသသည်။ ထိုခရီးစဉ်မှ အပြန်တွင် နောင်တရားဒေသ၌ သဘာဝမြေဩဇာ စက်ရုံတည်ဆောက်ရန် နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတာဝန်ရှိသူများနှင့် အသင်းသားများက သဘောတူဆုံးဖြတ်ခဲ့ကြပြီး တစ်ရက်လျှင် တန် ၄၀ ကျ သဘာဝမြေဩဇာစက်ရုံကို စတင်တည်ဆောက်နေကြပြီဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၂၆ ရက်က နောင်တရားဒေသသို့ ကျွန်တော်တို့အဖွဲ့ သွားရောက်ခဲ့ပြီး

*စာမျက်နှာ ၁၁ သို့*

**၂၀၁၁ ခုနှစ်မှစ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့သော အဆိုပါဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်က ရပ်တန့်မသွား၊ ပို၍ပို၍ ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက လမ်း/တံတားလုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးကိစ္စများ၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ၊ နိပ္ပွန်ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် စေတနာအဖွဲ့က တည်ဆောက်ပေးသော စာသင်ကျောင်းများ၊ အခြားသော ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့**

# ဘားအံမြို့အား သန့်ရှင်းသာယာလှပသော အစိမ်းရောင်ခရီးသွားမြို့တော်ဖြစ်စေရေး လိုအပ်သောအခြေခံအဆောက်အအုံများ အကောင်အထည်ဖော်လျက်ရှိ

**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့အား မြို့တော် အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပသော အစိမ်းရောင်ခရီးသွားမြို့တော်ဖြစ်စေရေး လိုအပ်သော အခြေခံအဆောက်အအုံများ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၇) ရပ်ကွက် မန်းဘခိုင်လမ်းရှိ ဇွဲမာန်လွင်ဈေးတည်ဆောက်ရေး လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများအား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး က ဇွဲမာန်လွင်ဈေးအတွင်း ထည့်သွင်း တည်ဆောက်မည့် ဈေးရုံသုံးရုံ၊ ပျံကျဈေးဧရိယာ၊ ကားပါကင် ဧရိယာ၊ ခြောက်ခန်းတွဲသန့်စင်ခန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်၊ အမြင့်တင်ရေစင်၊ ခြောက်လက်မ စက်ရေတွင်း၊ မီးသတ်ရေငုတ်၊ လူသွား ကွန်ကရစ်လျှောက်လမ်းများ၊ ဈေးခေါင်းရုံးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ဈေးရုံတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘားအံမြို့ ဘားမဲတောင်သဘာဝ ဥယျာဉ်ရှိ မြို့ရေပေးဝေရေး ရေစစ်ကန် အမှတ်(၁) (၂)၊ (၃)၊ (၄)၊ (၅)တို့ကိုလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ သဘာဝအခြေခံ ခရီးသွားဧည့်သည်များ အတွက် ဆွဲဆောင်မှုရှိစေရန် သစ်မျိုးအရေအတွက် ၇၈ မျိုး၊ အပင်အရေအတွက် ၁၅၅၇ ပင်နှင့် တည်ဆောက်ရေးလုပ်ငန်းပေါင်း ၂၈ ခုဖြင့် ပေါင်းစပ်ကာ အမြဲစိမ်းလန်းသာယာလှပစေရန် အစဉ်အမြဲ ပြုစုထိန်းသိမ်းစောင့်ရှောက်ပြီး လာရောက်လည်ပတ် စရာ နေရာတစ်ခုအဖြစ် ဆောင်ရွက်ထားသော မြေဧရိယာ ၁၇ ဧကခန့်ကျယ်ဝန်းသည့် ဘားမဲတောင် သဘာဝဥယျာဉ်ကို လည်းကောင်း၊ ဘားအံမြို့ ပြည်နယ်လွှတ်တော်အဆောက်အအုံ အပေါ်ထပ်ခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများ စုစုပေါင်း ၆၇ ဦးခန့်က စိစစ်ပြီး e-ID အိမ်ထောင်စု များအား e-ID Server အတွင်း ထည့်သွင်းနေမှုကို လည်းကောင်း(ဓာတ်ပုံ)၊ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ ပြင်ဆင်ဆောင်ရွက်ထားမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကရင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကိုကျင်းပရာ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လင်းတို့က ရှင်းလင်း တင်ပြကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# Naypyitaw State Academy လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

Naypyitaw State Academy တွင် ကျောင်းသား ကျောင်းသူများ ဥပဒေဆိုင်ရာ အသိပညာတိုးပွားစေရန်နှင့် လူကုန်ကူးမှု အန္တရာယ်ကို နားလည်သိရှိစေရန်ရည်ရွယ်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Naypyitaw State Academy ဒုတိယ ပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က ဟောပြောပွဲ ကျင်းပ ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီစန်းက လူကုန်ကူးမှုဖြစ်ပေါ်လာရခြင်း အကြောင်းရင်းများ၊ လူကုန်ကူးမှု ပုံစံများ၊ လူကုန်ကူးခံရသူနှင့် သက်သေများအား အကာအကွယ်ပေး ခြင်းနှင့် အကူအညီပေးခြင်းအစီအစဉ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။ ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က လာရောက်ဟောပြော၊ အသိပညာဖြန့်ဝေပေး သူများကို အမှတ်တရဂုဏ်ပြု လက်ဆောင်ပေးအပ်သည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ရေးလုပ်ငန်း ခွင်ကို ကြည့်ရှုအားပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်လည်ပတ် ထုတ်လုပ်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိကြသည်။

**နောင်တရား အာလူးအအေးခန်းစက်ရုံ**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး မြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များ အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသများဖြစ် သော ဟဲဟိုး၊ အောင်ပန်းဒေသများသည် အာလူး စိုက်ကေများစွာ စိုက်ပျိုးလျက်ရှိသော ဒေသများ ဖြစ်ကြသည်။ ရာသီအားဖြင့် ဇန်နဝါရီလတွင် တစ်ကြိမ်၊ ဧပြီလတွင် တစ်ကြိမ်၊ ဩဂုတ်လတွင် တစ်ကြိမ် တစ်နှစ်လျှင်သုံးကြိမ် စိုက်ပျိုးလျက် ရှိကြရာ အာလူးမျိုးများ စနစ်တကျထိန်းသိမ်းရန် အတွက် နောင်တရားဒေသ၌ အအေးခန်းစက်ရုံ တည်ဆောက်အသုံးပြုနေကြပြီဖြစ်သည်။ ယင်း စက်ရုံအနေဖြင့် တန်ချိန် ၂၀၀၀ အထိ သိုလှောင် ထိန်းသိမ်းနိုင်ကြောင်း သိရသည်။ စန္ဒာခမ်း နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌဦးခွန်ဆန်းဦးက ကျွန်တော်တို့အဖွဲ့အား စက်ရုံအတွင်းသို့ ဖိတ်ခေါ်၍ လိုက်လံရှင်းလင်း ပြသသည်။ "ကျွန်တော်တို့ အခုလိုအာလူးမျိုးရင်း တွေကို အအေးခန်းသိုလှောင်ရုံထဲ ထည့်ပြီး စနစ်တကျစိုက်ပျိုးနိုင်အောင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လမ်းညွှန်မှုပေးခဲ့တာပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ၂၀၂၀ ပြည့်နှစ်





ဇန်နဝါရီလအတွင်း လာရောက်ခဲ့တဲ့ ရှမ်းပြည်နယ် တောင်ပိုင်းခရီးစဉ်မှာ ဒီလုပ်ငန်းတွေကို အစပျိုးလုပ်ဆောင်ဖို့ အအေးခန်း Container တစ်လုံး ထောက်ပံ့ပေးခဲ့ပါတယ်။ အဲဒီကနေစတင်ပြီး ဒီကနေ့အခြေအနေအထိ အောင်မြင်ဖြစ်ထွန်းခဲ့ကြ တာမို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ကျေးဇူးအထူး တင်ရှိပါကြောင်း" ဦးခွန်ဆန်းဦးက ပြောကြားခဲ့သည်။

**နောင်တရားရဲ့ အားမာန်တွေ**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ်အတွင်းက နောင်တရားမြို့လေး၊ တစ်ချိန်က မြို့နယ်ခွဲအဆင့်ထိ သတ်မှတ်ခဲ့ဖူးသည်။ လူမှုစီးပွား ဘဝအခြေအနေများ မြင့်မားတိုးတက်နေကြပြီး စိုက်ပျိုးရေးလုပ်ငန်းများလည်း အထူးအောင်မြင် နေကြောင်း တွေ့ရသည်။ တစ်ဖက်က အဆင့်မြင့် အအေးခန်းသိုလှောင်ရုံများ တည်ဆောက်အသုံးပြု နေသကဲ့သို့ တစ်ဖက်ကလည်းစိုက်ပျိုးရေးကဏ္ဍတွင် မဖြစ်မနေလိုအပ်လာသည့် သဘာဝ မြေဩဇာစက်ရုံ မကြာမီကာလအတွင်း ပေါ်ပေါက်လာတော့မည် ဖြစ်သည်။ နိုင်ငံ့စီးပွား မြှင့်တင်ရေးလုပ်ငန်းများတွင် နောင်တရားဒေသသည် တစ်တပ်တစ်အား ပါဝင် ထမ်းရွက်နေသည့်သဘော။ နောင်တရားဒေသ၏ ကြိုးပမ်းအားထုတ်မှုများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသနှင့်အတူ အခြားသောဒေသများကိုပါ အကျိုးပြုလျက်ရှိသည်။ ကျွန်တော်တို့အဖွဲ့ နောင်တရားမှ ပအိုဝ်းမိတ်ဆွေများကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့ကြသည်။ ဆက်လက်သွားရောက် မည့် ခရီးစဉ်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသ မြန်မာ - ထိုင်းနယ်စပ်အနီးက မြို့လေး တစ်မြို့ဖြစ်သော ဟိုမိန်းမြို့လေးရှိရာကို...။ ။

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း အမှတ်စဉ် (၃)ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၃) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က မိမိတို့ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှု သာမက နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့်ပါ သက်ဆိုင်နေသဖြင့် ဝန်ထမ်းများအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး ပေါင်းစည်းဆောင်ရွက်နေမှု၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှု အခြေအနေများအပြင် ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်းစီးပွားရေးနှင့် ဆက်စပ်သည့် ကုန်သွယ်မှုအခြေအနေများကိုပါ သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများအား ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှုစနစ်အဆင့်ဆင့် ပြောင်းလဲလာမှုနှင့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့် အခြေအနေတို့ကို သိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း ပြန်လည်အသုံးပြုနိုင်ခြင်းဖြင့် အသုံးပြုတတ်လျှင် အသုံးပြုတတ်သလောက် အကျိုးရှိနိုင်မည့် ခေါင်းစဉ်များကိုရွေးချယ်၍ အပတ်စဉ်အသိပညာမျှဝေ ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ဆွေးနွေးပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၁) မှ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသော လွတ်လပ်သည့် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် ၁၇ ခုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဖြစ်ပေါ်တတ်သော လွတ်လပ်သော




ကုန်သွယ်မှု (Free Trade) နှင့် မျှတသောကုန်သွယ်မှု (Fair Trade) ဆိုင်ရာ အကြောင်းအရာကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ အရာထမ်း/ အမှုထမ်းများ Online အပါအဝင် စုစုပေါင်းဝန်ထမ်း အင်အား ၁၀၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တတိယအကြိမ် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန တတိယအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရုံးအမှတ် (၁၄) ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင် ဆင်နွှဲကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနအလိုက် ပြိုင်ပွဲဝင်ကြမည့်သူများအနေဖြင့် ထမနဲတွင် ပါဝင်မည့် ပစ္စည်းများ၏ အချိုးအစားကိုက်ညီမှု၊ ချိန်သားကိုက်လှုပ်ရှား ဆောင်ရွက်တတ်မှု၊ စည်းစည်းလုံးလုံး ဆောင်ရွက်တတ်မှု၊ အဖွဲ့အစည်းစိတ်ဓာတ်ရှိမှု၊ စည်းကမ်းတကျရှိမှုတို့ကို ပြသသွားကြရန် အထူးတိုက်တွန်းပြောကြားလိုပါကြောင်း၊ ထမနဲထိုးပြိုင်ပွဲမှတစ်ဆင့် မိမိတို့၏ ဦးစီးဌာနကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ မိမိတို့၏ ဝန်ကြီးဌာနကိုချစ်မြတ်နိုး ဂုဏ်ယူသည့် စိတ်ဓာတ်၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များ တိုးတက် ဖြစ်ပေါ်လာအောင် မွေးမြူကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထမနဲထိုးယှဉ်ပြိုင်မည့်အဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထမနဲထိုး ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှု အားပေးသည်။ **(ဝဲပုံ)**

ထမနဲထိုးပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ စုစုပေါင်း အသင်း သုံးသင်း ပါဝင်ယှဉ်ပြိုင်ကြရာ တတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံး အသင်းကို အမြဲတမ်းအတွင်းဝန် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်က လည်းကောင်း၊ ဒုတိယဆုရရှိသော တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနအသင်းအား ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က လည်းကောင်း၊ ပထမဆုရရှိသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနအသင်းကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများက တေးသီချင်းဖြင့် ဖျော်ဖြေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ်အဖြစ် နံရံကပ်ပြဘုတ် ပြသဆောင်ရွက်ခြင်းကို ဘားအံခရိုင်အတွင်းရှိ ဘားအံခရိုင်၊ လှိုင်းဘွဲမြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ပိုင်ကျုံမြို့၊ ရှမ်းရွာသစ်မြို့၊ လိပ်သိုမြို့ရုံးနှင့် ဘောဂလိမြို့များရှိ နံရံကပ်ပြဘုတ်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည်ကို ဖေဖော်ဝါရီ ၁၇ ရက်ကတွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)





ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နေ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတပ်ဆင်ခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်က အမှတ်(၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်မျိုးသီဟ နှင့် လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ဖြိုးတို့က မြို့ပေါ် ရပ်ကွက်များရှိ လူသွားလူလာများသည့် နေရာများ၌ တပ်ဆင်ဆောင်ရွက်စဉ်။

တင်ထွန်းဦး (ပြန်/ဆက်)

○ *ကျောဖုံးမှ*

အချိတ်အဆက်မိမိဖြင့် မန်ယူအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဦးဆောင်ဂိုးကို ဘာစီလိုနာအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် အလွန်ဆိုက သွင်းယူပေးခဲ့သည်။

ထို့နောက် ၅၃ မိနစ်တွင် ဖရက်၏ ဖန်တီးမှုကို တိုက်စစ်ကစားသမား ရက်ဖို့ဒ်က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ချေပဂိုးရရှိခဲ့သည်။ ထို့အပြင် ပွဲချိန် ၅၉ မိနစ်၌ ဘာစီလိုနာအသင်းမှ ကွန်ဒီ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ မန်ယူအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် ဦးဆောင်ခွင့်ရရှိခဲ့သည်။

သို့သော်လည်း ပွဲချိန် ၇၆ မိနစ်တွင် ရာဖင်ဟာက ဘာစီလိုနာအသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည်။ တစ်ဖက်နှစ်ဂိုးစီ သရေကျပြီးနောက် သွင်းဂိုးများထပ်မံရရှိရန် လူစားပြောင်းလဲမှုများ ပြုလုပ်လာခဲ့သော်လည်း သရေဖြင့်သာ အဆုံးသတ်ခဲ့သည်။ ယခုပွဲစဉ်တွင် သွင်းဂိုးရယူနိုင်ခဲ့သော ရက်ဖို့ဒ်သည် ၂၀၁၉-၂၀၂၀ ခုနှစ်က ၄၄ ပွဲ ကစားပြီး ၂၂ ဂိုးသွင်းယူနိုင်ခဲ့သည့် ၎င်း၏ အကောင်းဆုံးပုံစံကို ယခုနှစ်ရာသီတွင် ၃၅ ပွဲကစားပြီး ၂၂ ဂိုးသွင်းကာ လိုက်မီနိုင်ခဲ့သည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

ပထမဆုံးအကြိမ် လိဂ်နိုင်ပွဲ ပြန်လည်ရှာတွေ့ထားတဲ့ လီဗာပူးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး အဆင့် (၄) အတွင်းဝင်ရေး မျှော်လင့်ချက် အားကောင်းလာစေဖို့ ခြေကုန်ထုတ်လာမှာ ဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ မန်ယူက ယခုပွဲစဉ်မတိုင်မီ ဘာစီလိုနာအသင်းနဲ့ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ အကြိတ်အနယ်ရှိပြီး မန်ယူကပ်နိုင်ဖွယ်ရှိတယ်။

**မိုးဇက်**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# (၂၉) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

(၇၈) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**



အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးခတ် ဖျော်ဖြေကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြပြီး တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်း အသင်းပေါင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များ နေပြည်တော်တွင် ဒုတိယနေ့ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံသံရုံးများမှ သံတမန်ကိုယ်စားလှယ်များသည် ယနေ့တွင် နေပြည်တော်၌ ဒုတိယနေ့အဖြစ် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နံနက်ပိုင်းတွင် သံတမန်ကိုယ်စားလှယ်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ အေးချမ်းသာ စံပြကျေးရွာသို့ သွားရောက်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများက လှိုက်လှဲစွာ ကြိုဆိုကြသည်။ ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဖြင့် တည်ဆောက်ပေးခဲ့သည့် ကျေးရွာအတွင်း ရေ/မီး ရရှိရေးစနစ်များ၊ စာသင်ကျောင်း၊ ကျောင်းစာကြည့်တိုက်နှင့် ရက်ကန်းလုပ်ငန်းတည်ထောင်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြပြီး သံတမန်ကိုယ်စားလှယ်များသည် အေးချမ်းသာစံပြကျေးရွာအလယ်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သံတမန်ကိုယ်စားလှယ်အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းသစ်တောသုတေသနဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "Assessment of Toxic Organic Contaminants in Mekong River Basin of Myanmar" စီမံကိန်း၏ "ရေဓာတ်ခွဲခန်း" ကို သွားရောက်လေ့လာရာ တာဝန်ရှိသူများက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။




ဆက်လက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဆက်လက်ထွက်ခွာကြရာ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမမှ ကြိုဆိုကြသည်။ သံတမန်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းသုံးခုဖြစ်သော (က) Establishing Agricultural Libraries Network between Universities within Lancang-Mekong Area (Library)၊ (ခ) Establishing of Agricultural Extension Laboratories (Audio Visual and Media Production Laboratory) နှင့် (ဂ) Establishing of Agricultural Biotechnology Laboratory and Research Network between Universities within Lancang-Mekong Area နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက္ကသိုလ်အတွင်းရှိ အဆိုပါစီမံကိန်းသုံးခုသို့ သွားရောက်လေ့လာကြသည်။

ယင်းနေ့ညနေပိုင်းတွင် သံတမန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ M-Gallery Hotel ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြပြီး စိုက်ပျိုးသမျှ သီးနှံများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဒေသခံတောင်သူများ အဓိက စိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲနောက်၊ ပဲလွမ်း၊ ပဲယင်း၊ ပဲစင်းငုံ စသည့် သီးနှံများကို စိုက်ပျိုးကြသည့်အပြင် စားဖိုဆောင်ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံကိုလည်း တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိအောင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ အချို့ကျေးရွာများ၌ ဒေသခံတောင်သူများက မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံမြေများ ပြုလုပ်၍ စပျစ်သီးနှံ စမ်းသပ်စိုက်ပျိုး လုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိ၍ သီးနှံအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အပိုဝင်ငွေရရှိ**

"ကျွန်တော်တို့ဒေသက စိုက်ပျိုးရေအဆင်ပြေတဲ့အပြင် စိုက်ပျိုးမြေလည်း ကောင်းမွန်တဲ့အတွက် သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု ရှိပါတယ်။ အခုဆိုရင် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရရှိအောင် စမ်းသပ်စိုက်ပျိုးထားတဲ့ စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပြီး တစ်ပိဿာကို ငွေကျပ် ၈၀၀၀ ဈေးနဲ့ ရောင်းချနေရပါပြီ။

စပျစ်သီးနှံစိုက်ပျိုးရာမှာလည်း ဝယ်ယူစားသုံးသူတွေ ဘေးကင်းလုံခြုံစေရန်အတွက် အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်နဲ့ စိုက်ပျိုးထားတာ ဖြစ်ပါတယ်။ စပျစ်သီးနှံဝယ်ယူစားသုံးချင်သူတွေ အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် အွန်လိုင်းမှတစ်ဆင့် ရောင်းချပေးသလို လက်လီလက်ကားဈေးနဲ့တစ်ဆင့်ဝယ်ယူရောင်းချလိုသူများကိုလည်း ရောင်းပေးနေပါတယ်။ တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးတဲ့ စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် သီးနှံအပိုဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေပါတယ်" ဟု ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာမှ တစ်ပိုင်တစ်နိုင် စပျစ်သီးနှံ စိုက်ပျိုးလုပ်ကိုင်သည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**အောင်မြင်ဖြစ်ထွန်း**

ပွင့်ဖြူမြို့နယ်တွင် မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင် စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို မုန်းဇလဲကျေးရွာ၊ သမင်းခြံကျေးရွာနှင့် လက်ပန္ဒယ်ကျေးရွာတို့တွင် ဒေသခံတောင်သူများက မိသားစုစားဝတ်နေရေးအတွက် သီးနှံအပိုဝင်ငွေရရှိအောင် စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ကြပြီး အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း သိရသည်။


ထွက်ရှိသည့် စပျစ်သီးနှံများကို ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့များသို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကိုယ်ခန္ဓာ ကြံ့ခိုင်မှုပိုင်းဆိုင်ရာစစ်ဆေးပြီးနောက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင် တာဝန်ထမ်းဆောင်ရန်သင့်လျော်သည်ဟု ကြေညာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန် သမ္မတဂျိုးဘိုင်ဒင်မှာ တာဝန်ထမ်းဆောင်ရန်အတွက် သင့်လျော်သည်ဟု ကိုယ်ခန္ဓာ ကြံ့ခိုင်မှုပိုင်းဆိုင်ရာ ဆေးစစ်ပြီးနောက် ဆရာဝန်များက ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အသက် ၈၀ အရွယ်ရှိပြီး အမေရိကန်၏ အသက်အကြီးဆုံးသမ္မတ ဖြစ်သည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

သမ္မတ၏ သမားတော်မှ ထုတ်ပြန်သည့် စာချွန်လွှာကို ဖေဖော်ဝါရီ ၁၆ ရက်တွင် အိမ်ဖြူတော်က ကြေညာခဲ့သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ဘတ်သာ့စ်ဒါရှိ ဆေးဘက်ဆိုင်ရာ ဆေးခန်းတစ်ခုတွင် ဆရာဝန်များက ဆေးစစ်ခဲ့သည်။ သမ္မတဂျိုးဘိုင်ဒင်တွင် ရာသီအလိုက်ဖြစ်ပွားတတ်သည့် ခေတ်မတည့်မှုနှင့် အခြားသော အသေးစားရောဂါ လောက်သာရှိကြောင်း၊ အသက် ၈၀ အရွယ်တွင် ကျန်းမာလျက်ရှိပြီး သမ္မတတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြောင်း အိမ်ဖြူတော်မှ သမားတော် ကီဗင်အိုကွန်နော်က ပြောသည်။

ထို့ပြင် သမ္မတတွင် ကာလရှည်ကြာ ကိုဗစ်-၁၉ လက္ခဏာများလည်း မရှိကြောင်း ပြောသည်။ ဂျိုးဘိုင်ဒင်သည် ပြီးခဲ့သည့် နွေရာသီက ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည်။

ဂျိုးဘိုင်ဒင်သည် သမ္မတ ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံသွားဖွယ်ရှိသည်ဟု ဖော်ပြခဲ့သော်လည်း ဇန်နဝါရီလအတွင်း ကောက်ယူထားသည့် စစ်တမ်းများအရ ၂၀ ရာခိုင်နှုန်းကသာ ၎င်းကို ပြန်လည်အရွေးခံစေလိုသည်။ ၎င်းပြန်လည်ရွေးကောက်ခံမည်ကိုမထောက်ခံကြသူများမှာ ၎င်း၏ အသက်ကြီးမှုကို စိုးရိမ်သည့်အတွက်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နယူးဇီလန်၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရှစ်ဦးသေဆုံး

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၇**

နယူးဇီလန်နိုင်ငံ မြောက်ပိုင်းကျွန်းတွင် ယခုသီတင်းပတ်အတွင်း မုန်တိုင်းဂါဘရီရယ်ကြောင့် ရေကြီးမှုများနှင့်မြေပြိုမှုများ ဖြစ်ပေါ်ပြီး ရှစ်ဦးသေဆုံးကာ ပျောက်ဆုံးနေသူ ၃၅၀၀ ရှိသည်ဟု သိရသည်။ ရာသီဥတုဆိုးရွားသည့် အခြေအနေကြောင့် လူပေါင်း ၁၀၀၀၀ ကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။

သဘာဝဘေးအကြီးစားကြီးဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ်ဟစ်ပ်ကင်က ရေကြီးမှုဆိုးဆိုးရွားရွား ဖြစ်ပေါ်ခဲ့သည့် ဟော့ခ်ပင်လယ်အော်တွင် မီဒီယာများကိုပြောသည်။ ပြင်းထန်သည့် မုန်တိုင်းကြောင့် သေဆုံးသွားသူများထဲတွင် ကလေးတစ်ဦး ပါဝင်ကြောင်း၊ အဆိုပါကလေးငယ်မှာ အသက်နှစ်နှစ်အရွယ်မိန်းကလေးဖြစ်ပြီး ရေတက်စဉ် ပါသွားခြင်းဖြစ်နိုင်သည်ဟု ရဲများက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောသည်။

စေတနာ့ဝန်ထမ်း မီးသတ်သမားတစ်ဦး၏ အလောင်းကိုလည်း အော့ကလန်မြို့ရှိ မြေပြိုမှုဖြစ်ပွားရာနေရာတွင် တွေ့ရှိခဲ့ရသည်။ သေဆုံးသူဦးရေမှာ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပိုတိုးလာခဲ့သည်။ ပျောက်ဆုံးနေသူ အရေအတွက်များပြားနေခြင်းမှာ ဆက်သွယ်မှုလိုင်းများ ပြတ်တောက်နေခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း မျှော်မှန်းထားသည်။



မုန်တိုင်းကြောင့် ရေကြီးနေမှုကို တွေ့ရစဉ်။

တယ်လီဖုန်းနှင့် ဆက်သွယ်ရေးလိုင်းများပြန်လည်ကောင်းမွန်လာသည်နှင့်အမျှ ပျောက်ဆုံးသူအရေအတွက် ပြန်လည်တွေ့ရှိသူဦးရေ တိုးလာနိုင်သည်ဟု ရဲများက ခန့်မှန်းထားသည်။ အစားအစာနှင့် သောက်သုံးရေအတွက် လိုအပ်ချက်လည်း များပြားလာမည်ဟု ရဲများက ပြောသည်။ နယူးဇီလန်နိုင်ငံသည် ဖေဖော်ဝါရီ ၁၃ ရက်က အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်။

**ဆင်ဟွာ**

# တိုကျိုမြို့၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ဆက်တိုက်လျော့နည်းလာ

**တိုကျို ဖေဖော်ဝါရီ ၁၇**

တိုကျိုမြို့၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၂၇၂ ဦးရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တိုကျိုမြို့၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုမှာ ပြီးခဲ့သည့် သီတင်းပတ်ကထက် ၆၅၀ လျော့နည်းလာပြီး တစ်ပတ်ထက်တစ်ပတ်ကူးစက်မှုလျော့နည်းလာသည်မှာ ၃၁ ရက် ဆက်တိုက်ရှိပြီဖြစ်သည်။ တိုကျိုမြို့၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၅ ဦးရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ နှလုံး-အဆုတ်အထောက်အကူပြုစက် အီးစီအမ်အို တပ်ဆင်ထားပြီး ရောဂါပြင်းထန်သော အခြေအနေတွင်ရှိသူ ၁၆ ဦးရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံတစ်ဝန်း ဖေဖော်ဝါရီ ၁၇ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၈၆၀၆ ဦးရှိပြီး အဆိုပါရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၄၁ ဦးရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**





# ရွှေ့ပြောင်းအခြေချနေထိုင်သူပေါင်း ၆၀၀ နီးပါးကို တူနီးရှားနိုင်ငံ ကမ်းရိုးတန်း၌ ကြားဖြတ်ဟန့်တားနိုင်ခဲ့

**တူးနစ် ဖေဖော်ဝါရီ ၁၇**

တူနီးရှား ကမ်းခြေစောင့်တပ်သည် ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၅၈၂ ဦးကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု သိရသည်။ အဆိုပါရွှေ့ပြောင်းနေထိုင်သူများသည် မြေထဲပင်လယ်ကို ဖြတ်ကာ အီတလီကမ်းခြေသို့သွားရောက်ရန် ရည်ရွယ်ထားကြသူများဖြစ်သည်ဟု အမျိုးသားကမ်းခြေစောင့်တပ်မှ ပြောရေးဆိုခွင့်ရှိသူ ဟောက်စ်မက်ဒင်းဂျက်ဘ်လီက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောသည်။

ယင်းနေ့တွင်ပင် ခိုးဝင်ရန်ကြိုးပမ်းသူ ၂၀ ကို တားဆီးနိုင်ခဲ့ကြောင်း ၎င်းကဆက်ပြောသည်။ ထိန်းသိမ်းထားသည့် ရွှေ့ပြောင်းနေထိုင်သူ ၄၉၄ ဦးမှာ တူနီးရှားနိုင်ငံသားများ မဟုတ်ကြကြောင်း ၎င်းကပြောသည်။ တူနီးရှားနိုင်ငံသည် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပသို့ တရားမဝင်သွားရောက်နိုင်မည့် ဝင်ပေါက်တစ်ခုသဖွယ်ဖြစ်နေသည်။

အဆိုပါ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် တင်းကျပ်သည့် စည်းကမ်းများကို တူနီးရှားအာဏာပိုင်များက ချမှတ်ခဲ့သည်။ သို့သော်လည်း တူနီးရှားနိုင်ငံမှတစ်ဆင့် အီတလီသို့ခိုးဝင်ရန်ကြိုးပမ်းသူအရေအတွက်မှုမှာ မြင့်မားနေဆဲဖြစ်သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွား

**ဂျကာတာ ဖေဖော်ဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့သော်လည်း ဆူနာမီဖြစ်ပေါ်ရန် အလားအလာ မရှိကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။

ငလျင်မှာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၃၇ မိနစ်တွင် လှုပ်ခတ်ခဲ့ပြီး ငလျင်ဗဟိုချက်မှာ ပြည်နယ်၏ အနောက်တောင်ဘက် ၁၂၄ ကီလိုမီတာအကွာတွင်ရှိပြီး ငလျင်အနက်မှာ ပင်လယ်ကြမ်းပြင်အောက် ၃၂ ကီလိုမီတာရှိကြောင်း အေဂျင်စီက ပြောကြားသည်။

**ဆင်ဟွာ**

# အီဂျစ်နိုင်ငံမြောက်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား ခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ

**ကိုင်ရို ဖေဖော်ဝါရီ ၁၇**

အီဂျစ်နိုင်ငံမြောက်ပိုင်း အစ္စမေးလီယာပြည်နယ်အတွင်း အဝေးပြေးလမ်းမတစ်ခုပေါ်တွင် ဖေဖော်ဝါရီ ၁၆ ရက်က ခရီးသည်တင်မိုက်ခရိုဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်ကြီးတစ်စီး တိုက်မိပြီးနောက် ခြောက်ဦးသေဆုံးပြီး အခြားသုံးဦးမှာ ဒဏ်ရာရရှိကြောင်း အီဂျစ်တရားဝင်သတင်းအေဂျင်စီ အမ်အီးအင်န်အေက ထုတ်ပြန်ထားသည်။

အယ်လ်မာနစ်ကျေးရွာအနီး၌ ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများကို အနီးရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ယာဉ်မတော်တမှုအတွင်း ပါလက်စတိုင်းလူမျိုးငါးဦးသေဆုံးပြီး အခြားသုံးဦးမှာ ဒဏ်ရာရရှိကြောင်း၊ သေဆုံးသူများမှာ ဂါဇာကမ်းမြောင်သို့ ပြန်သည့်အချိန်တွင် မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း ကိုင်ရိုရှိ ပါလက်စတိုင်းသံရုံးက ပြောကြားသည်။ ယာဉ်မတော်တဆမှုကြောင့် အီဂျစ်လူမျိုးယာဉ်မောင်းလည်း သေဆုံးကြောင်း အီဂျစ်မီဒီယာများက ထုတ်ပြန်ထားသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အီဂျစ်နိုင်ငံသည် ယာဉ်ကြောကျပ်တည်းမှု လျှော့ချရန်နှင့် ယာဉ်မတော်တဆမှု အရေအတွက်ကို လျှော့ချရန်အတွက် လမ်းအသစ်များ တည်ဆောက်ကာ တံတားဟောင်းများကို ပြုပြင်ခြင်းဖြင့် ၎င်း၏ လမ်းကွန်ရက်ကို အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၁၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၀၉,၁၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၅၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်မျိုးဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၃ | ၂၀၆၆ |
| 95 Ron | ၂၀၆၃ | ၂၁၃၈ |
| HSD (500 ppm) | ၂၀၅၄ | ၂၁၂၅ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

**ဒီကနေ့ ပို့ချမှာကတော့ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဟာ မြန်မာစာကို စိတ်ဝင်စားတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အထူးသင့်တော်တဲ့ဘာသာရပ်ဖြစ်ပြီး မြန်မာစာကို အသုံးချစာပေအနေနဲ့ လေ့လာနိုင်ဖို့အတွက် လမ်းခင်းပေးတဲ့ ဘာသာရပ်ဖြစ်ပါတယ်။**

စိတ်ကြိုက်မြန်မာစာသင်ယူတဲ့ ကျောင်းသား ကျောင်းသူတွေဟာ မြန်မာစာကို ခြေခြေမြစ်မြစ် သိရှိလာမှာဖြစ်ပါတယ်။ မြန်မာစာ အရေးအသား ပိုမိုကျွမ်းကျင်လာပြီး မြန်မာစာဝေါဟာရ အသုံးအနှုန်းတွေကို ပိုင်ပိုင်နိုင်နိုင်သုံးတတ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါတင်မက မြန်မာစာပေရဲ့ စကားပြေတွေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ ကဗျာဖွဲ့စပ်နည်းတွေကို ကျွမ်းကျင်လာပြီး ကိုယ်တိုင်ရေးစပ်ရာမှာဖြစ်ဖြစ်၊ တခြားသူရေးထားတဲ့ ကဗျာတွေကို လေ့လာဆန်းစစ်ရာမှာဖြစ်ဖြစ် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာစာပေသမိုင်းစဉ်ကိုသိရှိပြီး အစဉ်အလာကြီးမားတဲ့ မြန်မာစာပေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို မြတ်နိုးတန်ဖိုးထားတဲ့စိတ်တွေ နိုးကြားတိုးပွားလာမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို မဆွေးနွေးမီ စိတ်ကြိုက်မြန်မာစာပြဋ္ဌာန်းစာတွေကို ဦးစွာဖော်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာမှာ စာအုပ်လေးအုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းတို့ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို ဘယ်လိုလေ့လာသင့်တယ်၊ စာမေးပွဲမှာ ဘယ်လိုမေးတယ်ဆိုတာတွေကို ပြဋ္ဌာန်းစာအုပ်တစ်အုပ်ချင်း၊ မေးခွန်းတစ်ပုဒ်ချင်းအလိုက် ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာရဲ့ ပြဋ္ဌာန်းစာအုပ် လေးအုပ်ကို စာမေးပွဲမေးခွန်းလွှာအနေနဲ့ မေးခွန်းကြီးလေးပုဒ် မေးပါတယ်။ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်တစ်ပုဒ်၊ သံဝရပျို့တစ်ပုဒ်၊ မြန်မာကဗျာဖွဲ့နည်း တစ်ပုဒ်၊ မြန်မာစာပေသမိုင်းတစ်ပုဒ်တို့ ဖြစ်ပါတယ်။ သုံးနာရီ မေးခွန်းလွှာဖြစ်ပြီး မေးခွန်းအပုဒ်တိုင်းမှာ ပုဒ်ခွဲများ ပါဝင်ပါတယ်။ ပုဒ်ခွဲတိုင်းမှာလည်း ရွေးချယ်စရာများ ပါရှိပါတယ်။ မြန်မာဝတ္ထုတိုနဲ့ မြန်မာပြဇာတ် ပြဋ္ဌာန်းစာအုပ်မှာ မြန်မာဝတ္ထုတိုအနေနဲ့ ကိုလိုနီခေတ်ကနေ မျက်မှောက်ခေတ်အထိ စာရေးဆရာတွေရဲ့ ဝတ္ထုတိုတွေနဲ့ မြန်မာပြဇာတ်အပိုင်းမှာလည်း ကိုလိုနီခေတ်နဲ့ မျက်မှောက်ခေတ် စာရေးဆရာတွေရဲ့ မြန်မာပြဇာတ်တွေကို လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထုတိုကို လေ့လာတဲ့အခါ ဝတ္ထုတိုရဲ့သဘောသဘာဝကို ကောင်းစွာ သိထားသင့်ပါတယ်။ ဝတ္ထုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေတစ်မျိုးဖြစ်ပါတယ်။ ဝတ္ထုမှာ ဝတ္ထုရှည်နဲ့ ဝတ္ထုတိုနှစ်မျိုးရှိပါတယ်။ ဝတ္ထုရှည်ကတော့ ဇာတ်အိမ်ကြီးကြီးမားမားနဲ့ ရှည်ရှည်လျားလျားရေးဖွဲ့တဲ့ ဝတ္ထုမျိုးဖြစ်ပြီး ဝတ္ထုတိုကတော့ စာဖတ်သူတစ်ထိုင်တည်းနဲ့ ဖတ်နိုင်အောင် တိုတိုရေးဖွဲ့ထားတဲ့ စာပေမျိုးဖြစ်ပါတယ်။

ဝတ္ထုရေးဆရာက သူ့ဝတ္ထုတိုမှာ စာဖတ်သူကို အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်၊ တစ်နည်းအားဖြင့် သူ့ရဲ့ အာဘော်တစ်ခုခုကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဆိုတဲ့ အခြေခံအင်္ဂါရပ်တွေ ပါရှိပါတယ်။ ဝတ္ထုတိုတွေကို လေ့လာရာမှာ ဒီအခြေခံအင်္ဂါရပ်တွေပေါ်မူတည်ပြီး ဝတ္ထုရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ ကာလဒေသ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်တွေနဲ့ လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထု **အာဘော်** ဆိုတာကတော့ ဝတ္ထုတိုရေးသူရဲ့ ဆိုလိုချက်ဖြစ်ပါတယ်။ ဝတ္ထုတိုရေးဆရာရဲ့ ရည်ရွယ်ချက်လို့လည်း ဆိုနိုင်ပါတယ်။ ဝတ္ထုတိုရေးသူဟာ ဝတ္ထုတိုမှာ မိမိရဲ့ဆိုလိုချက်(အာဘော်)ကို ပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိပါတယ်။ စာဖတ်သူအနေနဲ့လည်း ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးသွားတဲ့အခါ ဝတ္ထုတိုရေးဆရာဟာ ဘာကိုဆိုလိုတယ်၊ သူ့ဝတ္ထုဟာ ဘာကိုပြောချင်တယ်၊ ဒီဝတ္ထုတိုရဲ့ ရည်ရွယ်ချက်ဟာ ဘာဖြစ်တယ်ဆိုတဲ့ ဆိုလိုချက် (အာဘော်)ကို နားလည်သွားမြဲ ဖြစ်ပါတယ်။

**ဇာတ်လမ်းဖန်တီးပုံ** ဆိုတာကတော့ ဇာတ်လမ်းဖြစ်ရပ်တွေကို ဖန်တီးတဲ့နေရာမှာ သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုတွေကို ဖန်တီးတာ၊ ဖြစ်ရပ်တွေကို ကြောင်းကျိုးဆက်စပ်ပြတာ၊ ရှေ့ပိုင်းမှာ မြှုပ်ထားတဲ့ မြှုပ်ကွက်တွေကို နောက်ပိုင်းမှာ ပြန်ဖော်လိုက်တာ၊ နောက်ပိုင်းမှာ ဖြစ်လာမယ့်ဖြစ်ရပ်တွေကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ခင်းပြတာစတဲ့ အတတ်ပညာတွေနဲ့ ဇာတ်လမ်းတစ်ပုဒ်ကို နှစ်သက်စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးတာကို ဆိုလိုတာ ဖြစ်ပါတယ်။

**ဇာတ်ဆောင်ဖန်တီးပုံ** ဆိုတာကတော့ ဇာတ်လမ်းမှာပါဝင်ရတဲ့ ဇာတ်ဆောင်တွေကို အသက်ဝင်လာအောင်၊ စရိုက်သဘာဝ ထင်ရှားလာအောင် ဖန်တီးရေးဖွဲ့တာကို ဆိုလိုတာဖြစ်တယ်။ ဇာတ်ဆောင်ဖန်တီးရာမှာ ဇာတ်ဆောင်တွေရဲ့ စိတ်နေစိတ်ထားနဲ့ စရိုက်သဘာဝပေါ်လွင်လာအောင် ဇာတ်ဆောင်တွေရဲ့ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတွေနဲ့ ပုံဖော်ဖန်တီးလေ့ရှိပါတယ်။ ဇာတ်ဆောင်တွေရဲ့ ကံသုံးပါးအမူအရာလို့ဆိုအပ်တဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး အမူအရာကို ပေါ်လွင်အောင် ရေးဖွဲ့တာဟာ ဇာတ်ဆောင်ဖန်တီးပုံပါပဲ။

**နောက်ခံဖန်တီးပုံ** ဆိုတာကတော့ ဇာတ်လမ်းဖြစ်ပျက်ရာ နောက်ခံအချိန်ကာလနဲ့ နေရာဒေသတွေကို ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုရေးသူဟာ ဒီနောက်ခံအကြောင်းအချက်တွေကို ဝတ္ထုတိုရေးတဲ့ ခေတ်အခြေအနေ၊ စာရေးဆရာကျင်လည်တဲ့ လူမှုဝန်းကျင်အခြေအနေတွေနဲ့ ထင်ဟပ်ပြီး ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

**ဝတ္ထုတိုရဲ့အရေးအဖွဲ့ပိုင်း**ကို လေ့လာရာမှာတော့ စာရေးသူရဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ ပေါ်လွင်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာရမှာဖြစ်ပါတယ်။

ဝတ္ထုတိုကပေးတဲ့ **ရသနဲ့အသိအမြင်** ဆိုတာကတော့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးတဲ့နောက် စာဖတ်သူ စိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုး ခံစားရပြီး ဘယ်လိုသင်ခန်းစာ၊ ဘယ်လိုဘဝ အသိအမြင်မျိုးရတယ်ဆိုတာကို ဆိုလိုတာဖြစ်ပါတယ်။ ဝတ္ထုတိုမှာ ဒီအချက်ဟာ အရေးပါတဲ့အလျောက် ဝတ္ထုတိုလေ့လာသူတစ်ယောက်အနေနဲ့ ဒီအချက်ကိုလည်း အလေးထားရမှာဖြစ်တယ်။

ဝတ္ထုတိုလေ့လာမှုအနေနဲ့ တက္ကသိုလ်မြစိမ်းရဲ့ ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ ငှက်ပျောသီးဝတ္ထုတိုကို သာဓကအဖြစ် လေ့လာပြပါမယ်။

ဒီဝတ္ထုတိုဟာ လူ့သဘော၊ လူ့သဘာဝကို ဖော်ကျူးလိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးခဲ့တဲ့ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါတယ်။ လူတွေဟာ အခြေအနေပြောင်းလဲမှုကိုလိုက်ပြီး စိတ်ပြောင်းလဲတတ်တာနဲ့အမျှ အပြုအမူဟာလည်း ရုတ်တရက်ပြောင်းသွားတတ်တယ်၊ အခြေအနေမြင့်မားလာချိန်မှာ ယခင်နိမ့်ကျခဲ့တဲ့ဘဝကို မေ့ပစ်တတ်တဲ့ လူ့သဘော၊ လူ့သဘာဝကို သတိပြုမိစေလိုတဲ့ စာရေးသူရဲ့**အာဘော်**ကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအာဘော်ကို ပေါ်လွင်စေဖို့ စာရေးသူရဲ့ မိတ်ဆွေဖြစ်တဲ့ မည္ထန့်ရီနဲ့ မည္ထန့်ရီရဲ့လုပ်ဖော်ကိုင်ဖက် ကိုတင်မောင်တို့ရဲ့ သံယောဇဉ် ဖြစ်ရပ်ကလေးနဲ့ ဇာတ်လမ်းဆင်ကာ၊ ဘဝအခြေအနေ မြင့်မားလာတဲ့အခါ ကိုတင်မောင်ရဲ့ပြောင်းလဲသွားတဲ့ စိတ်အမူအရာ၊ ကိုယ်အမူအရာတွေနဲ့ **ဇာတ်လမ်း**ဖန်တီးထားပါတယ်။ သူတို့နှစ်ဦး ဘဝနိမ့်ကျခဲ့စဉ်အခါက နေ့လယ်ခင်း အဆာပြေသရေစာအဖြစ် ငှက်ပျောသီးဝယ်စားခဲ့ပုံကလေးများနဲ့ ဖြစ်ရပ်စဉ်ချိတ်ဆက်ပြီး ရေးဖွဲ့ထားတယ်။

ဒီဝတ္ထုတိုမှာ အဓိက **ဇာတ်ဆောင်**ကတော့ လက်နှိပ်စက်စာရေးမကလေး မည္ထန့်ရီနဲ့ အထက်တန်းစာရေး ကိုတင်မောင်တို့ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ နေ့လယ်နေ့ခင်း တခြားရုံးဝန်ထမ်းတွေ လက်ဖက်ရည်သောက်ချိန်၊ မုန့်စားချိန်တွေမှာ ငှက်ပျောသီးဝယ်စားခြင်းနည်းနဲ့ ချွေတာခဲ့ကြပြီး ဘဝတက်လမ်းကို ရှာဖွေခဲ့ကြရပါတယ်။ တစ်ဦးနဲ့တစ်ဦးလည်း သံယောဇဉ် ငြိတွယ်ခဲ့ကြပါတယ်။ ဒါပေမယ့် နောက်ပိုင်း ဘဝအောင်မြင်မှုတွေ ရရှိလာကြတဲ့အချိန်မှာ မည္ထန့်ရီကတော့ ဘဝကို မမေ့ဘဲ အလုပ်ကိုလည်း ဆက်လက်ကြိုးစား၊ ငှက်ပျောသီးကိုလည်း ဆက်လက်ဝယ်စားနေဆဲဖြစ်ပေမယ့် ကိုတင်မောင်ကတော့ ဝန်ထောက်ဘဝသို့ရောက်ရှိပြီး၊ ရက်ကန်းရုံပိုင်ရှင်သမီးနဲ့လည်း အိမ်ထောင်ကျသွားပြီး ငှက်ပျောသီးကို မေ့သွားပုံဖြင့် လှပတဲ့ နိမိတ်ပုံကလေးနဲ့ ဇာတ်ဆောင်တို့ရဲ့ စရိုက်အမူအရာကို ပေါ်လွင်စွာ ရေးဖွဲ့ထားပါတယ်။

**ကာလဒေသနောက်ခံ** အနေနဲ့ကတော့ ရန်ကုန်မြို့လယ်အတွင်းဝန်များရုံးခွဲတစ်ခုရဲ့ နေ့လယ်နေ့ခင်း လက်ဖက်ရည်သောက်ချိန်ကလေးတွေပဲ ဖြစ်ပါတယ်။ အများသူငါ လက်ဖက်ရည်သောက်ချိန်၊ ကိတ်မုန့်စားချိန်တွေမှာ လက်ဖက်ရည်မသောက်၊ ကိတ်မုန့်မစားနိုင်ရှာတဲ့ အောက်ခြေရုံးဝန်ထမ်းတို့ရဲ့ဘဝကို ငှက်ပျောသီးဝယ်စားရပုံဖြစ်ရပ်ကလေးတွေနဲ့ သရုပ်ဖော်ပြီး ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လူမှုနောက်ခံတွေကို ဖန်တီးတင်ပြထားတာ ဖြစ်ပါတယ်။

ဒီဝတ္ထုရဲ့ **အရေးအဖွဲ့**ပိုင်းကို လေ့လာရာမှာတော့ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ၊ ပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားပုံတွေကို ဖော်ထုတ်လေ့လာရမှာဖြစ်ပါတယ်။ ရေးဟန်အနေနဲ့ကတော့ စာဖတ်သူကို စာရေးသူရှုထောင့်က ဝင်ကြည့်ခိုင်းတဲ့ ရေးဟန်မျိုးဖြစ်တယ်။

**ရသနဲ့အသိအမြင်**ပိုင်းမှာတော့ လူငယ်သဘာဝကို နှစ်သက်ကြည်နူးစိတ်ဖြစ်ပေါ်လာစေတဲ့ ရသကို ပေးစွမ်းနိုင်တယ်။ အောက်ခြေရုံးဝန်ထမ်းတို့ရဲ့ ဘဝကို စာနာသနားတဲ့ ကရုဏာရသကို အပြည့်အဝ ခံစားမိရနိုင်ပါတယ်။ သရေစာအဖြစ် ငှက်ပျောသီးကိုသာ စားနိုင်တဲ့ဘဝကနေ ကိတ်မုန့်စားနိုင်တဲ့ဘဝ ရောက်တဲ့အခါ ငှက်ပျောသီးအတူတူစားခဲ့တဲ့ ငယ်ချစ်ကိုပစ်ထားခဲ့ပြီး ကိတ်မုန့်စားနိုင်တဲ့သူနဲ့ ဆက်လက်လက်တွဲသွားခဲ့တဲ့ ဇာတ်ဆောင် ကိုတင်မောင်အပေါ် စက်ဆုပ်ရွံရှာတဲ့ခံစားမှု ဖြစ်ပေါ်စေနိုင်ပါတယ်။ ချစ်သူရဲ့ စွန့်ပယ်တာခံခဲ့ရတဲ့ မည္ထန့်ရီကိုလည်း စာနာသနားစိတ်ခံစားရပါတယ်။ အဲဒီလိုခံစားမိရင်း လူ့စိတ်၊ လူ့သဘောဆိုတာ ဒီလိုပါလားဆိုတဲ့ အသိအမြင်ကို ရရှိစေတယ်။ ဘဝအခြေအနေကိုလိုက်ပြီး အပြုအမူ ပြောင်းလဲတတ်တဲ့ လူ့သဘောကို သိမြင်လာစေပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းမှာ မြန်မာဝတ္ထုတိုကို မေးခွန်းနံပါတ် ၁ (က)အနေနဲ့ မေးပါတယ်။ မေးခွန်းအနေနဲ့အထက်မှာ တင်ပြခဲ့တဲ့ လေ့လာမှုအတိုင်း မေးတာဖြစ်လို့ အထက်မှာ တင်ပြခဲ့တဲ့ လေ့လာမှုအတိုင်း လေ့လာထားမယ်ဆိုရင် အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ၁ (က) မှာ ဝတ္ထုတို နှစ်ပုဒ်မေးထားတာဖြစ်လို့ ရွေးချယ်စရာပါဝင်မှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့– "သော့တွဲနှင့် နတ်ရုပ်ဝတ္ထုတိုမှ ကိုချိပ်၏ စရိုက်ကိုဖော်ပြပါ။" (သို့မဟုတ်) "ငှက်ပျောသီးဝတ္ထုတို၏ ရည်ရွယ်ချက်ကို ဖော်ပြ၍ ရည်ရွယ်ချက်ကို ပေါ်လွင်အောင် မည်သို့ဇာတ်လမ်း ဖွဲ့ထားသည်ကို တင်ပြပါ။" ဆိုတဲ့မေးခွန်းမျိုး ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀) မှတ်ဖြစ်ပါတယ်။

မြန်မာဝတ္ထုတိုနဲ့ မြန်မာပြဇာတ် ပြဋ္ဌာန်းစာအုပ်ရဲ့ ပြဇာတ်အပိုင်းကိုတော့ မေးခွန်း ၁ (ခ)အဖြစ် မေးပါတယ်။ ပြဋ္ဌာန်းထားတဲ့ ပြဇာတ်တွေထဲက ပြဇာတ် နှစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးနဲ့ မေးမှာဖြစ်ပါတယ်။ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့စာပေမျိုးဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာလည်း ဝတ္ထုတိုလေ့လာတုန်းကလိုပဲ ပြဇာတ်ရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရပါမယ်။

သာဓကအနေနဲ့ မြန်မာစာပရိဂရက်(စ်)ဖြစ်ဖို့ ပြဇာတ်ကို လေ့လာတင်ပြပါမယ်။ ဒီပြဇာတ်မှာ မြန်မာစာပြဆရာတွေဟာ မိခင်မြန်မာစကား ဖွံ့ဖြိုးတိုးတက်ဖို့ တိုင်ပင်ဆွေးနွေးကြတဲ့အခါ လူအထင်ကြီးဖို့ အင်္ဂလိပ်စကားကို ဖောဖောသီသီသုံးနေပုံကို သရော်လိုတဲ့ ရည်ရွယ်ချက်ကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်ကို ပေါ်လွင်စေဖို့အတွက် ပြဇာတ်အစမှအဆုံးအထိ ဇာတ်ဆောင်တွေရဲ့ အပြန်အလှန် ပြောစကားတွေမှာ မလိုအပ်ဘဲ အင်္ဂလိပ်စကားလုံးတွေကို မြန်မာစကားနဲ့ တွဲစပ်သုံးနေကြပုံကို ဇာတ်ဆောင်တွေရဲ့စရိုက် ပေါ်လွင်အောင် ရေးဖွဲ့ထားတယ်။ ပြဇာတ်တစ်ပုဒ်လုံးမှာ အင်္ဂလိပ်လိုညှပ်ပြောရမှု

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဂုဏ်ရှိတယ်၊ အဆင့်မြင့်တယ်လို့ ထင်နေကြတဲ့ မြန်မာစာပြဆရာတွေရဲ့ အဆီအငေါ်မတည့်တဲ့ အမူအကျင့် စရိုက်သဘာဝကို သရော်လှောင်ပြောင်ထားတယ်။ အပြောနဲ့ လက်တွေ့ ကွာခြားတတ်တဲ့ လူ့သဘော၊ လူ့သဘာဝကို သိမြင်လာစေတယ်။

ပြဇာတ်ရဲ့ နောက်ခံကာလဒေသကိုတော့ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေကတစ်ဆင့် ဖော်ထုတ်ရမှာဖြစ်ပါတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ၊ သရော်သံတွေနဲ့ ဟာသမြောက်အောင် ဇာတ်ညွှန်းစကားတွေနဲ့ ရေးဖွဲ့ထားတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြဇာတ်မေးခွန်းအနေနဲ့တော့ ဝတ္ထုတိုမေးခွန်းမှာလိုပဲ ရည်ရွယ်ချက်နဲ့ ရည်ရွယ်ချက်ရောက်အောင် ရေးဖွဲ့ထားပုံတွေ၊ ဇာတ်ဆောင်စရိုက်တွေ၊ ဘဝအသိအမြင်တွေ စတာတွေကိုပဲ မေးလေ့ရှိပါတယ်။ ပြဇာတ်မေးခွန်းဖြေဆိုရာမှာ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် မိမိကိုယ်ပိုင် အရေးအသားအတင်အပြနဲ့ ဖြေဆိုဖို့ပဲဖြစ်ပါတယ်။ ပေးမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်း (၂) ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ငါးရာ့ငါးဆယ်နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ မူရင်း ပျို့စာမှာ စာကိုယ်ပိုဒ်ရေ (၁၈၉) ပိုဒ်၊ နိဂုံးပိုဒ်ရေ (၄) ပိုဒ် စုစုပေါင်း (၁၉၃) ပိုဒ် ပါရှိပေမယ့် ကျောင်းသားတွေအတွက် အပိုဒ် (၁) ကနေ (၇၁) အထိကိုပဲ ရွေးချယ်ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အပိုဒ် (၁) ကနေ (၇၁) အထိပဲ လေ့လာကြရမှာ ဖြစ်ပါတယ်။

ဒီပျို့ကို ရေးချိန်မှာ ဆရာတော်ဟာ အသက် ၆၀ ဝန်းကျင် ဘဝ အတွေ့အကြုံနဲ့ စာပေအသိအမြင် စုံလင်ကြွယ်ဝတဲ့ အရွယ်ကို ရောက်နေပြီဖြစ်လို့ ဒီပျို့ကို ရေးတဲ့အခါမှာ စာဖတ်သူ အလိမ္မာတိုးစရာ အကြောင်းအရာတွေများစွာ ပါဝင်လာပါတယ်။ အရေးအဖွဲ့၊ အကြောင်းအရာ၊ အနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ သံဝရပျို့ဖတ်စာအုပ် နိဒါန်းမှာပါရှိတဲ့ ပျို့လေ့လာနည်းတွေကို အသေအချာ၊ ဖတ်ရှုလက်စွဲပြုပြီးတော့ လေ့လာရမှာဖြစ်ပါတယ်။ ပျို့ကိုလေ့လာရာမှာ အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်းဆိုပြီး ကဏ္ဍသုံးခုခွဲပြီး လေ့လာသင့်ပါတယ်။

သံဝရပျို့လာအကြောင်းအရာတွေကို ဖတ်စာအုပ်နိဒါန်းမှာ အကျဉ်းမျှ ခွဲပြထားပါတယ်။

အကြောင်းအရာလေ့လာရာမှာ အခန်းအလိုက်ပါဝင်တဲ့ အကြောင်းအရာတွေကို ကဏ္ဍခွဲပြီး လေ့လာသင့်ပါတယ်။ အကြောင်းအရာတွေကို ကဏ္ဍခွဲကြည့်မယ်ဆိုရင်–

(၁) မြတ်စွာဘုရားဟောရခြင်းအကြောင်း၊
(၂) သားတော်ကြီးများ ဇနပုဒ်အသီးသီးရခြင်း၊
(၃) ဆရာအမတ်နှင့် ပထမအကြိမ်တိုင်ပင်ခြင်း၊
(၄) ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခြင်း၊
(၅) ဆရာအမတ်နှင့် ဒုတိယအကြိမ်တိုင်ပင်ခြင်း၊
(၆) ဆရာအမတ်နှင့် တတိယအကြိမ်တိုင်ပင်ခြင်း၊

ဆိုပြီးတော့ ခွဲခြားနိုင်ပါတယ်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်း အလိုက်လည်း လေ့လာရပါမယ်။ ဇာတ်ဆောင်တွေရဲ့ စရိုက်ကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတွေကို လေ့လာဖို့လိုပါတယ်။ ဒီပျို့မှာ အဓိက ဇာတ်ဆောင် သုံးဦးကို တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်သုံးဦးရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံနဲ့ အရည်အသွေးတွေကို မိမိရဲ့ အရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ ရူပကအလင်္ကာအဖွဲ့တွေ၊ အနက်အဓိပ္ပာယ် ပြည့်ဝပြီး အဖွဲ့အစပ် ပြေပြစ်လှပတဲ့အဖွဲ့ကောင်းတွေ၊ စကားပုံတွေ၊ ဆိုရိုးစကားတွေ စတာတွေရဲ့ အနက်အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်လည်ရှင်းလင်း ဖြေဆိုနိုင်ရပါမယ်။

သာဓကအနေနဲ့–

"သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေတာ၊ ယူဇနာက၊ လှမ်းကာမီနိုး၊ ဆွတ်မည်ကြိုးသို့" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ "ဖခမည်းတော် ချီးမြှင့်ပေးသနားတော်မူသော စားကျေးစားလက်တို့ကို လက်ခံလိုက်သောမင်းသားတို့သည် နန်းတော်နှင့် ကွာလှမ်းလှသော ဝေးလံခေါင်ဖျားဒေသများသို့ ရောက်ရှိနေတော့မည်ဖြစ်၍ နောင်အချိန်အခါ အရေးအရာပေါ်ပေါက်လာသောအခါမျိုးတွင် နန်းတွင်းကိစ္စတို့ကို ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းမရနိုင်တော့ပုံကို ပေါ်လွင်အောင် သရက်သီးမှည့်ကို ဝေးလံလှသောနေရာမှ လှမ်းခူး၍ ချက်ချင်း မရနိုင်ပုံနှင့် ခိုင်းနှိုင်းထားပါသည်"လို့ ဆိုလိုကြောင်း အပြည့်အစုံ ဖြေပြရပါမယ်။

သံဝရပျို့မှာ ပျို့စာသားတွေကနေ ဆိုရိုးစကားဖြစ်လာတဲ့ အဖွဲ့အနွဲ့တွေလည်း များစွာပါဝင်ပါတယ်။ သာဓကအနေနဲ့ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့ အဖွဲ့တွေ၊ "အငယ်တည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့တွေဟာ မြန်မာလူမှုနယ်ပယ်မှာ ဆိုရိုးစကားအဖြစ်နဲ့ အသုံးတွင်ကျယ်နေပါပြီ။

နောက်လေ့လာရမယ့် အချက်တစ်ချက်ကတော့ ပျို့လာအသုံးအနှုန်းစကားလုံးတွေဖြစ်ပါတယ်။ သံဝရပျို့ဟာ အင်းဝခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ ပျို့ဖြစ်တဲ့အတွက်ကြောင့် အင်းဝခေတ်သုံး စကားလုံးတွေကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှေးသုံးစကားလုံးတွေ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒီစကားလုံးတွေကို လေ့လာရတာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

နမူနာအနေနဲ့ "စိုက်စိုက်"၊ "စင်းလျဉ်း"၊ "ယဉ်မိန်း"၊ "အုတ်ထွေ"၊ "တုံ့ပယ်" ဆိုတဲ့ စကားလုံးတွေကို လေ့လာကြည့်မယ်ဆိုရင်–

"စိုက်စိုက်" ဆိုတာ စူးစူး၊ ဖြောင့်ဖြောင့်
"စင်းလျဉ်း"ဆိုတာ အဆက်မပြတ်
"ယဉ်မိန်း"ဆိုတာ သိမ်မွေ့ငြိမ်သက်စွာ
"အုတ်ထွေ" ဆိုတာအများ
"တုံ့ပယ်" ဆိုတာ ခေါက်တုံ့ခေါက်ပြန်

စတဲ့ ဒီနေ့ခေတ်မှာ မသုံးတော့ဘဲ ရှေးသုံးစကားလုံးတွေရဲ့ အသုံးနဲ့ အဓိပ္ပာယ်ကို စိတ်ဝင်စားဖွယ်တွေ့ရမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ သံဝရပျို့မေးခွန်းအနေနဲ့ မေးခွန်း(၂)မှာ မေးတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ၂(က) နဲ့ ၂ (ခ) ဆိုပြီး ပုဒ်ခွဲနှစ်ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ (၁၀) မှတ်ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ၂(ခ) မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပျို့တစ်စောင်လုံး အလိုက် အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာ ဖြစ်ပါတယ်။ (၁၅)မှတ်ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနမူနာအနေနဲ့ကတော့ ၂(က)မှာ သံဝရပျို့အရ ရှင်းပြပါဆိုပြီး "ပိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်၊ ကြက်ဥဆန်ချောင်၊ ကျန်သောယောင်သို့"၊ "ထိန်းယလတ်မည်၊ ဖရာတည်၍၊ ကျောက်ရည်တိုးအောင်၊ သွေးသောယောင်သို့" စတဲ့ပျို့စာသားမျိုးတွေကို ပေးထားမှာဖြစ်ပါတယ်။

မေးခွန်း၂(ခ)မှာ သံဝရပျို့မှ ဆရာအမတ်ကြီး၏ စရိုက်(သို့မဟုတ်) သံဝရပျို့မှ ရှင်မဟာရဋ္ဌသာရရဲ့ ဥပမာအလင်္ကာအသုံး စွမ်းရည် စသည်ဖြင့် မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ဖြေဆိုရာမှာ ပျို့ပါ အချက်အလက်တွေကို မိမိတို့ရဲ့ ကိုယ်ပိုင်အရေးအသား အတင်အပြနဲ့ ဖြေဆိုကြရမှာ ဖြစ်ပါတယ်။

မေးခွန်း (၃) (က) ကတော့ မြန်မာကဗျာဖွဲ့နည်း မေးခွန်းဖြစ်ပါတယ်။ မြန်မာကဗျာဖွဲ့နည်း စာအုပ်ရဲ့ အမှာစာမှာ ဖော်ပြထားတဲ့ ကဗျာရဲ့ သဘော၊ ကဗျာစပ်နည်းအမျိုးမျိုး၊ ကဗျာစပ်နည်းရဲ့ အခြေခံလေးလုံးစပ်နည်း၊ သံပေါက်စပ်နည်း၊ အချိုးကဗျာများစပ်နည်းတို့ အကြောင်းနဲ့ လေ့လာသင်ကြားရန် လမ်းညွှန်ချက်များ စတာတွေကို သေသေချာချာ လေ့လာထားဖို့လိုပါမယ်။

ကဗျာဖွဲ့နည်းတွေမှာတော့–

ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်ဆိုတဲ့ ကဗျာအမျိုးအစား ရှစ်မျိုးကို ဖော်ပြထားပါတယ်။ ဒီနှစ်အတွက် အဲဒီကဗျာအမျိုးအစား ရှစ်မျိုးတို့ကို ပြည့်ပြည့်စုံစုံ လေ့လာကြရမှာပါ။

အဲဒီကဗျာ ရှစ်မျိုးရဲ့ ဖွဲ့နည်းကဗျာတွေကို ဖော်ပြရာမှာ သက်ဆိုင်ရာ ကဗျာအမျိုးအစားရဲ့ အခေါ်အဝေါ် အဓိပ္ပာယ်တွေ၊ စပ်နည်းတွေ၊ ဖွဲ့စပ်တဲ့သာဓကပုံစံတွေ၊ လေ့ကျင့်ခန်းတွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်တွေကို စိတ်ဝင်တစား စေ့စေ့စပ်စပ် လေ့လာထားမယ်ဆိုရင် ကဗျာဖွဲ့နည်းကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ကဗျာစပ်နည်း အမျိုးမျိုးထဲကမှ ထူးခြားတဲ့ ကာရန်ယူစနစ်တွေဖြစ်တဲ့ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်အကြောင်းတွေ၊ ကဗျာဉာဏ် ကွန့်မြူးနိုင်ဖို့အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို လေ့လာမှတ်သားရမှာဖြစ်ပါတယ်။

မေးခွန်း (၃) ပုဒ်ခွဲ(က)မှာ အဲဒီကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာ ဖြစ်တယ်။ လေးခုပေးထားပြီး နှစ်ခု ဖြေရပါမယ်။ (၁၀) မှတ်ပေးပါတယ်။ မေးခွန်း (၃) ပုဒ်ခွဲ (ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ (၁၅) မှတ်ပေးတဲ့မေးခွန်း ဖြစ်ပါတယ်။

မေးခွန်း ၃ (ခ) ကဗျာကာရန်ယူပုံစနစ်ကို သင်္ကေတနဲ့ရှင်းပြ ဖြေဆိုပုံကို တင်ပြပါမယ်။ စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့နဲ့ သင်္ကေတပြု ဖော်ပြရမှာ ဖြစ်ပါတယ်။

›› စာသား – –
›› ပိုဒ်တွင်းကာရန် – *
›› အချိုးသတ်ကာရန် – +

နမူနာအနေနဲ့ ဒွေးချိုးကဗျာတစ်ပုဒ်ရဲ့ ကာရန်ယူပုံကို လေ့လာတင်ပြပါမယ်။

"ရွှေကျီးရယ်သာ
ညှော်လာရော့သလား။
ခန်းဝကကြို
ခင်လေးရွှေရင်ဖိုခိုက်
ကျီးညိုကနား။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဦးစွာဖြေရပါမယ်။

"သာ" နဲ့ "လာ" တို့ဟာ ပထမပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ "လား" ကတော့ ပထမပိုဒ်ရဲ့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာသင်္ကေတနဲ့ ပြရမှာဖြစ်ပါတယ်။

"ကြို" နဲ့ "ဖို၊ "ဖို" နဲ့ "ညို" တွေကတော့ ဒုတိယပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေဖြစ်လို့ ခရေပွင့်ပြရပါမယ်။ "နား" ကတော့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်တာကြောင့် အပေါင်းလက္ခဏာသင်္ကေတနဲ့ ပြရမှာဖြစ်ပါတယ်။

သင်္ကေတတွေကို အောက်ပါပုံစံနဲ့ ပြရမှာဖြစ်ပါတယ်။

––– (*)
– (*)––(+)။
––– (*)
–––– (*) –
–(*) – (+) ။

စိတ်ကြိုက်မြန်မာစာရဲ့ ပြဋ္ဌာန်းစာအုပ်တစ်အုပ်ကတော့ မြန်မာစာပေသမိုင်းဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းရဲ့ ခေတ်တွေထဲက ပုဂံခေတ်ကနေ ညောင်ရမ်းခေတ်အထိ နဝမတန်းမှာ လေ့လာသင်ယူပြီးဖြစ်လို့ တက္ကသိုလ်ဝင်တန်းမှာတော့ နောက်ပိုင်း နှစ်ခေတ်ဖြစ်တဲ့ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။

စာပေသမိုင်းတစ်လျှောက်မှာ ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်တွေ အလေးပေးပုံတွေ ပြောင်းလာပုံ၊ အကြောင်းအရာတွေ ကျယ်ပြန့်လာပုံ၊ စာဆိုတွေ၊ စာပေပုံသဏ္ဌာန်တွေ တစ်စတစ်စ တိုးပွားလာပုံတွေကို လေ့လာထားရမှာ ဖြစ်ပါတယ်။

မြန်မာစာပေသမိုင်း စာမေးပွဲမေးခွန်းအနေနဲ့တော့ မေးခွန်းနံပါတ် (၄) မှာ မေးပါတယ်။ မေးခွန်းနံပါတ် (၄) မှာလည်း အခြားမေးခွန်းတွေမှာလိုပဲ (က)နဲ့ (ခ)ဆိုပြီး ပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါတယ်။ မေးခွန်း၄(က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေဖြစ်ပါတယ်။ (၁၀) မှတ်ပေးပါတယ်။ မေးခွန်း၄(ခ)ကတော့ ဆွေးနွေးတင်ပြရတဲ့ ရှင်းလင်းဖြေဆိုရတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁၅) မှတ် ပေးပါတယ်။

မေးခွန်း၄(က) မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းမှာ ရှစ်ခု မေးထားပြီး ငါးခုဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့စာပေဆိုင်ရာ အချက်အလက်တွေကို မေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့ တိတိကျကျ ဖြေရပါမယ်။ မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို နမူနာအနေနဲ့ တင်ပြသွားပါမယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း။
ဗုဒ္ဓဝင်ဝတ္ထု ဟူသည် အဘယ်နည်း။
ဦးပုည၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းများကို ဖော်ပြပါ။
လောကဗျူဟာကျမ်း ရေးသူ၏အမည်ကို ဖော်ပြပါ။
မဟာဆန်ချင်သူ ပြဇာတ်ကို မြန်မာမှုပြုပြန်ဆိုသူမှာ မည်သူနည်း။
အစရှိတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို ဖြေတဲ့အခါမှာ အဖြေဟာတိကျဖို့ လိုအပ်ပါတယ်။ ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း – ဆိုတဲ့ ဓမ္မဓိဋ္ဌာန်မေးခွန်းကိုဖြေရင် "ကုန်းဘောင်ခေတ်သည် နှစ်ပေါင်း ၁၃၀ ကျော်ကြာမြင့်သည်" လို့ဖြေရမှာ ဖြစ်ပါတယ်။


ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း–ဆိုတဲ့မေးခွန်းကို "ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်" လို့ ဖြေရပါမယ်။ *စာမျက်နှာ ၁၈ သို့*

# ဆရာချစ်နိုင် (စိတ်ပညာ) ၏ "ဦးလည်မသုန်" စာအုပ် ထုတ်ဝေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်စာပေက ဆရာချစ်နိုင် (စိတ်ပညာ) ၏ "ဦးလည်မသုန်" အမည်ရှိ စာအုပ်ကို ထုတ်ဝေလိုက်သည်။ ဆရာချစ်နိုင် (စိတ်ပညာ) သည် ချစ်လို့ ပြောတာမှတ်ပါ စာအုပ်ဖြင့် အောင်မြင်ကျော်ကြားခဲ့ပြီး နှစ်ပေါင်း ၃၀ ကျော် စာနယ်ဇင်းများတွင် စဉ်ဆက်မပြတ် ရေးသားနေသော ဆောင်းပါးရှင် တစ်ယောက်ဖြစ်သည်။ အများအားဖြင့် လူငယ် ပရိသတ်ကို ဦးတည်ရေးလေ့ရှိခဲ့သည်။ ဦးလည်မသုန်စာအုပ်သည်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ပညာတတ် လူငယ်လူရွယ်များအတွက် လက်တွေ့ အထောက်အကူရစေနိုင်မည့် အတွေးအမြင်ဗဟုသုတတို့ကို ဖော်ပြထားသည်။

မိမိနှင့်တိုင်းပြည်၊ အနာဂတ်ကို မြော်ခေါ်မြော်မြင်၊ မိသားစုတန်ဖိုး၊ ပညာလိုချင်စိတ်၊ ဆက်ဆံမှုနှင့် အောင်မြင်ရေးစသော ဆောင်းပါး ရေးဟန်ဖြင့် အကြောင်းအရာ (၂၇) ပုဒ် ပါဝင်ကြောင်း တွေ့ရသည်။ စကားပြေချောမောပြေပြစ်ပြီး အကြောင်းအရာများက ဆွဲဆောင်မှု ရှိသဖြင့် စိတ်ဝင်စားဖွယ်ကောင်းသည့် စာအုပ် ဖြစ်သည်။ အုပ်ရေ ၁၀၀၀ ထုတ်ဝေပြီး စာအုပ် တန်ဖိုး ၅၀၀၀ ကျပ်ဖြင့် ဖြန့်ချိကြောင်း သိရသည်။




**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၈ -၂ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၇) တွင် ကိုယ်ပြုသောကံအတိုင်း ကိုယ်ခံစားရမည်ဆိုသော ဗာရာဏသီ ပြည့်ရှင်မင်းကြီး၏ သမီးငယ်အကြောင်း သရုပ်ဖော်ထားသည့် "ကံစီမံရာ" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာဦးအစ ရှေးခေတ်လူသားတို့၏ မီးကိုစတင်တီထွင် အသုံးပြုခဲ့ပုံအကြောင်းနှင့် နောက်ပိုင်းတွင် မီးကိုအကျိုးရှိစွာ အသုံးချတတ်ခဲ့ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မီးကိုစတင်တီထွင်ခြင်း" သုတဆောင်းပါး၊ စားစရာမုန့်ဖြစ်နေသောကြောင့် သူငယ်ချင်းများကို မကြွားတော့ဘူးဆိုသော ရွှေယုအကြောင်း သရုပ်ဖော်ထားသည့် "ရွှေယု" မျက်နှာဝက်ကာတွန်း၊ ကျားဆရာ ကြောင်ဖြစ်သည်ကို ကျားကြီးနေက် သဘောပေါက်သွားလောက်ပြီ ဖြစ်ကြောင်းသရုပ်ဖော်ထားသည့် "ကြောင်ကလေးရွှေဝါ-ကျားဆရာ" နှစ်မျက်နှာကာတွန်း၊ ခရုဘုရင်နှင့်ရွှေယုန်တို့ အပြေးပြိုင်ကြရာ ဉာဏ်ကောင်းလှသည်ဆိုသော ရွှေယုန်သည် အရှုံးကြီးရှုံးခဲ့ရပုံအကြောင်း ရေးဖွဲ့ထားသည့် "ခရုဘုရင်နဲ့ ရွှေယုန်" ပုံပြင်ကဏ္ဍ၊ မျက်စိအမြင် အားကောင်းစေချင်လျှင် မုန်လာဥကို စားရသည်ဆိုသော ရွှေဖဲအကြောင်း သရုပ်ဖော်ထားသည့် "ရွှေဖဲ" တစ်မျက်နှာ ဟာသကာတွန်း၊ ရွှေသွေးမောင်မယ်တို့အနေဖြင့် စိတ်နေစိတ်ထား မှန်ကန်ပြီး ရိုးသားဖြူစင်စွာ အချင်းချင်း ရိုင်းပင်းကူညီကာ နေထိုင်တတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာသိဒ္ဓိမောင်ဒွေး၏ " အိမ်၌ ယဉ်ကျေးခြင်း" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် ရေးသားသည့် "အဂတိကင်းကွာ ပြည်သာယာ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဦးဟန်ညွန့် (ဥပဒေ)၊ K. M. A၊ သန့်လွင်ထွန်း(MPA) တို့၏ "အဂတိကင်းကွာ ပြည်သာယာ" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာ ခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ဝင်းထွဋ်ဦး၊ ထက်ဝေအောင် (စစ်ကိုင်း)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ စန်းစန္ဒီဇော် (စာပေဗိမာန်)၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)တို့၏ နိုင်ငံတကာနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၏ ရွေးကောက်ပွဲဆိုင်ရာဆောင်းပါး၊ မြသိန်း၊ ပါမောက္ခကိုကိုအောင်၊ လဲ့လဲ့ဝင်း (သတ္တဗေဒ) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ စံမြတ်ဘုန်း (စစ်ကိုင်း)၊ ဒေါက်တာ မြင့်သန်းတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ နေ၊ စိုးစိုး (ပန်းတောင်း)၊ လင်း - ဆေး(၁)၊ ဆောင်းဝင်းလတ်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၃၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာမွေ (ယာယီ) ဈေး၌ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းစစ်ဆေး

**တာမွေ ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ တာမွေ (ယာယီ) ဈေး၌ ညအချိန်များတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မသင်္ကာဖွယ်ရာ ပစ္စည်းများမရှိစေရေးနှင့် ဈေးအတွင်း ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က တာမွေမြို့နယ်ရှိ တာမွေ (ယာယီ) ဈေး၌ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

တာမွေ (ယာယီ) ဈေး၌ ညအချိန်များတွင် မီးကြွင်းမီးကျန်များမှတစ်ဆင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မသမာသူများထားရှိသော မသင်္ကာဖွယ်ရာ ပစ္စည်းများကြောင့် မီးလောင်ခြင်းများ မဖြစ်ပေါ်စေရေးနှင့် ဈေးသူ ဈေးသားများ သိမ်းဆည်းထားရှိသော ကုန်ပစ္စည်းများ လုံခြုံမှုရှိစေရေးတို့အတွက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာသဖြင့် တာမွေမြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများတွင် မီးဘေးလုံခြုံရေးကို အဓိကထားစစ်ဆေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် တာမွေမြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများအား ဈေးအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်မှုရှိစေရေးနှင့် နွေရာသီကာလ၌ အဆိုပါဈေးများအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက်လည်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

*စာမျက်နှာ ၁၇ မှ*

ဦးပုညရဲ့ ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းကို ဖော်ပြပါဆိုတဲ့ မေးခွန်းကိုတော့ "ဦးပုည၏ ဝတ္ထုများကို နှစ်သက်ရခြင်း အကြောင်းရင်းမှာ ပရိသတ် စိတ်ညွတ်နူးဖွယ် ဖွဲ့နွဲ့ရေးသားထားသောကြောင့်ဖြစ်သည်။" လို့ဖြေရပါမယ်။

"လောကဗျူဟာကျမ်း ရေးသူ၏အမည်သည် အင်ရုံဝန်ကြီး ဖြစ်သည်။"

"မဟာဆန်ချင်သူ ပြဇာတ်ကို မြန်မာမှုပြုပြန်ဆိုသူမှာ ဆရာဇော်ဂျီ ဖြစ်သည်။" စသည်ဖြင့် အတိအကျ ပြည့်ပြည့်စုံစုံ ဖြေရပါမယ်။

မေးခွန်း၄(ခ) ကတော့ မြန်မာစာပေသမိုင်းနဲ့ ပတ်သက်ပြီး ခြုံငုံဆွေးနွေးရတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းမှာ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ်က စာပေ အခြေအနေတွေကို စစ်မေးမှာဖြစ်ပါတယ်။ နမူနာပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် ဗုဒ္ဓစာပေဝတ္ထုများအကြောင်း ဆွေးနွေးပါ"၊ "ကိုလိုနီခေတ်သမိုင်း နောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်တစ်ခေတ်ရဲ့ စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့လိုပါတယ်။ ဖြေဆိုရာမှာတော့ အချက်အလက်တွေကို မိမိကိုယ်ပိုင် အရေးအသားအတင်အပြနဲ့ ပြေပြေပြစ်ပြစ် ရေးသားဖြေဆိုရမှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်းလေးပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာအုပ်လေးအုပ်မှာ တစ်အုပ်ကို တစ်ပုဒ်စီ မေးမှာဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းအားလုံးဖြေဆိုဖို့ အရေးကြီးပါတယ်။ ပြဋ္ဌာန်းစာအုပ်လေးအုပ်လုံးကို စိတ်ပါဝင်စားစွာနဲ့ စနစ်တကျလေ့လာကျက်မှတ်ထားမယ်ဆိုရင် မေးခွန်းအားလုံးကို အခက်အခဲမရှိ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ထူးချွန်စွာ ဖြေဆိုနိုင်ပြီး မိမိရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ အရောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

## ကြိုဆိုလက်ခံ

ယနေ့နံနက်ပိုင်းတွင်လည်း တမူးမြို့၊ မတူပီမြို့၊ ပခုက္ကူမြို့၊ ရွှေဘိုမြို့နှင့် ပေါက်မြို့တို့ရှိ တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို အသီးသီး ပြုလုပ်ကြရာ သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

## လွှဲပြောင်းအပ်နှံပေး

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ ပြောကြားပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် ပေါက်မြို့၊ ချင်းပြည်နယ် မတူပီမြို့နယ်တို့မှ PDF/ CDF အဖွဲ့ဝင် အမျိုးသားခြောက်ဦး၊ အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား မတူပီတပ်နယ်မှ တာဝန်ရှိသူများက မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်း ပေးအပ်စဉ်။

## ပြန်လည်ဝင်ရောက်

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရေရှည်လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ ဆရာ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်ရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်၊ ထိုင်းဘာသာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစုစုခင်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ စီမံအရာရှိများနှင့် ဆရာ ဆရာမများ တက်ရောက်သည်။

သင်တန်းတွင် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်က အမှာစကားပြောကြားပြီး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်တန်း/စီမံ) ဒေါက်တာအေးသက်သက်ဝင်းက ကျေးဇူးတင်စကားပြောကြားကာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း သင်ကြားပို့ချပေးသော ပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး) တို့အား မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် မဟာဌာနမှူး (လူမှုသိပ္ပံဌာန) ဒေါက်တာကြည်ကြည်မိုးက လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်တန်းသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ ဆရာမ ၅၅ ဦး တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်က “Supporting Students' Learning" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာစုစုခင်က “ Student–Centered Teaching Ideas for Language classrooms” ခေါင်းစဉ်ဖြင့်လည်းကောင်း သင်ကြားပို့ချပြီး ၁၇ ရက်တွင် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်က “Applying Formative Assessment in the classrooms” ခေါင်းစဉ်ဖြင့် သင်ကြားပို့ချကြောင်း သိရသည်။

**ညီညီထွန်း**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၂ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၃၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၄၈၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၂၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၂၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၄ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၆၉၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၆ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၈၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၅၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၅၃၅ | ၄၅၄၇၅၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၇၃၃ | ၂၃၄၅၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၁၂၅၆ | ၂၂၆၀၈၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၀၅ | ၂၆၇၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၁၈ | ၅၇၈၂၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့



အမျိုးသမီးတစ်ဦး



အမျိုးသားတစ်ဦး



ဆရာမတစ်ဦး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံPDF အမည်ခံ အကြမ်းဖက်သမားများ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအချို့မှ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုလောမြို့နယ် ကဒဲကျေးရွာအတွင်းရှိ နေအိမ်အတွင်းမှ ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

## ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား ပြန်လည်ကယ်ဆယ်

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တနင်္သာရီတိုင်း ဒေသကြီးအတွင်း ရှိ မြို့ရွာအချို့မှ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများအား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များကို ပြုလုပ်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် သတင်းဆက် ရှာဖွေဖော်ထုတ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသူများအား ပြန်လည်တွေ့ရှိရေး လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပုလောမြို့နယ် ကဒဲကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးအတွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသည့် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ပြန်လည်တွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ကနဦး စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် နိုင်ငံ့ဝန်ထမ်းများ၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံများဖြစ်ကြောင်း သိရှိရပြီး ထားဝယ်-မြိတ် ကားလမ်း တစ်လျှောက် ပုံမှန်သွားလာလျက်ရှိစဉ်နှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးခံရချိန်တွင် ရိုက်နှက်မှုများရှိကြောင်းနှင့် ၎င်းတို့ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်း၊ ငွေနှင့် ပစ္စည်းများအား သိမ်းဆည်းခံခဲ့ရကာ ကဒဲကျေးရွာရှိ နေအိမ်အတွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရကြောင်း၊ နေအိမ်အပြင်မှ သော့ခတ်၍ PDF အမည်ခံအကြမ်းဖက်သမား ၁၀ဦးခန့်က စောင့်ကြည့်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ ရှေ့တွင်ယခင် ဖမ်းဆီးခံရသူ သုံးဦးခန့်အား လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်သွားသည်ကို တွေ့ရှိရပြီး ၎င်းတို့မှာ ပြန်လည်ရောက်ရှိလာခြင်း မရှိကြောင်း သိရှိရပြီး ၎င်းတို့၏ ပြောဆိုချက်များကို ယခုလို ကြားသိရသည်-

**အမျိုးသမီးတစ်ဦး**

သမီးက ကော့သောင်းကနေ နေပြည်တော်ကိုသွားမှာ၊ ဖေဖေဆီကို သွားမှာပါ။ ပုလောမြို့နယ် သင်္ကန်းတော ကွေ့ရောက်တာနဲ့ PDF အဖွဲ့တွေနဲ့တွေ့တယ်။ သမီးမှတ်ပုံတင်ကို ကြည့်တယ်။ သမီးကိုဖမ်းတဲ့အချိန်မှာ သူတို့က အယောက် ၃၀ လောက်ရှိမယ်။ အရိုက်ခံထိမှာ စိုးလို့ အကုန်ပြောလိုက်တယ်။ အဲဒီမှာ မိန်းကလေးတွေလည်းမရှောင်ဘူး ရိုက်တယ်ဆိုတော့။ သမီးကို မေးတာနဲ့အကုန်ပြောလိုက်တယ်။ ဖုန်းလည်း သိမ်းလိုက်တယ်။ မှတ်ပုံတင်ကတော့ ပြန်ယူထားတယ်။ ဒီ ၂ လပိုင်း ၂ ရက်နေ့က အဲဒီကို စရောက်တယ်။ ၁၅ ရက်တိတိနေရတယ်၊ အဲအထဲမှာ။ ထင်တာကတော့ လွှတ်ပေးမယ့် အစီအစဉ် မရှိပါဘူး။ သူက မိန်းကလေးဆိုတော့ ချက်ချင်းမသတ်သေးတာ။ တစ်နေ့တည်း ငါးယောက် ခေါ်ပြီး သတ်လိုက်တယ်။ သမီးတို့ကို စစ်နေတဲ့ အချိန်မှာပဲ အဲဒီ ငါးယောက်ကို ခေါ်တဲ့အချိန်မှာ သမီး သေနတ်သံကြားတယ်။ အဲဒီခေါင်းဆောင်က ကြားလားလို့ သမီးကို ပြောတယ်။ သမီးက ကြားတယ်ဆိုတော့ သူက အပိုတွေမထားဘူး အကုန်ရှင်းပစ်မှာလို့ သမီးကို ပြောတယ်။ သမီးကို မသတ်နဲ့လို့ ပြောချင်တယ်။ ဒါပေမယ့် ကြောက်လို့ မပြောရဲဘူးလေ။ သူတို့မေးမှ ဖြေရတယ်။ သူခေါ်ထုတ်မှ ထွက်ရတယ်။ မထင်မှတ်ထားဘူး သမီးတို့ ဒီလိုမျိုးလွှတ်မယ်လို့။ တအားဝမ်းသာပါတယ်၊ ကယ်တဲ့အတွက် ကျေးဇူးလည်း အများကြီးတင်ပါတယ်။

**အမျိုးသားတစ်ဦး**

ကျွန်တော့်ကိုဖမ်းတဲ့ နေရာကတော့ သင်္ကန်းတုန်းချောင်းနားမှာ ကျွန်တော့်ကို ဖမ်းတယ်။ ကျွန်တော့်ကို ဖမ်းတဲ့လူအင်အားကတော့ ၁၅ ယောက်၊ အယောက် ၂၀ လောက်တော့ ရှိတယ်။ ကျွန်တော့်ကို ဘာကြောင့်ဖမ်းလဲ ဆိုတော့ အဖေက ဝန်ထမ်းဖြစ်နေလို့၊ ဆည်မြောင်း ဦးစီးလည်းဖြစ်နေတယ်။ အဲဒီနေ့ဖြစ်တဲ့အချိန်မှာ မင်းအဖေက ဆည်မြောင်းဦးစီးလားဆိုပြီး ကျွန်တော့်ကို တိုက်ရိုက်မေးတယ်ဗျ။ ပစ္စည်းရောင်းနေလို့သူ့ကိုဖမ်းထားတယ်။ ပြီးတော့ သူ့ကို အိမ်ကလူတွေကို သိန်း ၃၀၀နဲ့လာပြီးရွေးခိုင်းတယ်လို့ပြောပါတယ်။ သိန်း ၃၀၀ နဲ့လာရွေးမယ်ဆိုရင် ၁၀ ရက်နေ့လွှတ်ပေးမယ်လို့ပြောတယ်။ အဲဒါကို သူကမရွေးဘူး ထွက်ပြေးသွားတယ်။ အဲဒီလိုထွက်ပြေးသွားတော့ သူ့ဘာသာ မိုင်းနင်းပြီး သေတာလား။ ပစ်သတ်လိုက်လို့ သေတာလားတော့ မသိဘူး။ အဲဒီတုန်းက ငါးယောက်ခေါ်သွားတယ်။ သူတို့ အဲဒီငါးယောက်ကို ပစ်သတ်လိုက်တယ်။ ကျွန်တော်တို့ကို လာပြီး ကယ်တာ ပျော်တယ်ဗျ။ ဝမ်းလည်း ဝမ်းသာပါတယ်။ ဖမ်းဆီးခံရတဲ့ အချိန်တုန်းက ကျွန်တော်တို့ကို ဘယ်လိုစစ်ဆေးသလဲဆိုတော့ သူတို့ဖမ်းထားတဲ့ အချိန်မှာ သုံးရက်အတွင်း လာရွေးလို့ပြောတယ်။ လာမရွေးရင် မင်းတို့အလောင်းကို လာယူတော့ လို့ပြောကြတယ်။ အဓိကလိုချင်တာက အဖေပေါ့။ ကျွန်တော့်အဖေကို သူတို့က လိုချင်တာ။ ကျွန်တော့်အဖေ သွားရင် ကျွန်တော့်အဖေကို သူတို့က သတ်မှာ။

**ဆရာမတစ်ဦး**

ကျွန်မက မြကန်သာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာမ တစ်ယောက် ဖြစ်ပါတယ်။ ဝန်ထမ်းတွေမိသွားတော့ ခေါင်းကို ငုံ့ပြီးဆင်းခဲ့လို့ ပြောပါတယ်။ CDM လုပ်လား၊ မလုပ်ဘူးလားလို့ သူတို့က မေးတယ်။ ကျွန်မက မလုပ်ပါဘူး။ ကျွန်မရဲ့အမေတွေ၊ အဖေတွေ အိုပါပြီ။ ကျန်းမာရေး မကောင်းတော့ပါဘူး ကျွန်မကို ဖမ်းဆီးခဲ့တဲ့နေ့ကတော့ ၁ လပိုင်း ၂၈ ရက်ကနေ ဖမ်းသွားတာ အခု ဖေဖော်ဝါရီ ၁၆ ရက်မှ ပြန်လွှတ်ပါတယ်။ ကျွန်မကို ဖမ်းဆီးတဲ့ အချိန်တုန်းက သူတို့က သတ်မယ်၊ ဖြတ်မယ်လို့ ပြောပါတယ်။ သူတို့မှာ လူအင်အားကတော့ ကျွန်မတို့ကိုဖမ်းတုန်းက ဆို လူ ၁၀ ယောက်လောက်ရှိပါတယ်။ အထဲမှာတော့ ရှိမှာပေါ့။ ကျွန်မတို့ကိုအပြင်က မမြင်ရဘူး။ ကျွန်မတို့သွားကတည်းက အထဲမှာပဲ နေရပါတယ်။ ကျွန်မတို့ အထဲကနေ ဖမ်းသွားတဲ့အထဲမှာ လူ ၅ ယောက်ခန့် ခေါ်ဆောင်သွားပါတယ်။ သူတို့ကပြောတယ်၊ သတ်လိုက်ပြီတဲ့။ ကျွန်မတို့မှာ ဝမ်းနည်းနေရပါတယ်။ ကြောက်နေရပါတယ်။ အခုကျွန်မတို့ကို တပ်မတော်က လာကယ်မယ်လို့ လုံးဝ မမျှော်လင့်ထားပါဘူး။ အခုလိုလာကယ်ပေးတဲ့ အတွက် ဝမ်းလည်းသာပါတယ်။

## ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်

အပြစ်မဲ့အမျိုးသမီးများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်မဲ့ ပြည်သူများကို အကျပ်ကိုင်ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် **ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့်သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး** လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှု သတင်းများရရှိက လုံခြုံရေး တပ်ဖွဲ့ဝင်များ ထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တောင်ရှည်ကျေးရွာနေ ဖွဲ့ထက်ပိုင်(ခ)ဖွဲ့ငယ်သည် ၎င်းအသုံးပြုသည့် “Zwe Htet Paing” Facebook အကောင့်၊ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ သံခဲနှင့် ကျောက်မော် ရပ်ကွက်နေ ဇော်မင်းဦးတို့သည် ၎င်းတို့အသုံးပြုသည့် “Than Khal” Facebook အကောင့်နှင့် “Zaw Min Oo” အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ အိဖြူစိုးသည် ၎င်းအသုံးပြုသည့် “Ei Phyu Soe” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာ ရပ်ကွက်နေ ရာဇာကို(ခ)ဖိုးပြားသည် ၎င်းအသုံးပြုသည့် “Yarzar Ko” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥရောပသမဂ္ဂသည် စီးပွားရေးကျဆင်းမှုကို တွန်းလှန်ရန် ကြာမြင့်နိုင်ကြောင်း စီးပွားရေးစောင့်ကြည့်လေ့လာမှုအဖွဲ့က သုံးသပ်

ဥရောပသမဂ္ဂ၏ တရားဝင်စာရင်းများအရ ၂၀၂၂ ခုနှစ်အတွင်း ဥရောပ၌ စီးပွားရေး အနည်းငယ်တိုးတက်ကာ GDP သည် စီးပွားရေးကျဆင်းမှု (Recession) မှ လွတ်မြောက်လာသော်လည်း ငွေကြေးဖောင်းပွမှုနှင့် ဝယ်လိုအားကျဆင်းမှုတို့ကြောင့် မသေချာမှုများ ရှိနေသေးကြောင်း ၁-၂-၂၀၂၃ ရက်ထုတ် Xinhua သတင်းစာက ဖော်ပြထားသည်။

ဥရောပစာရင်းအင်းအဖွဲ့ (Eurostat)အရ ၂၀၂၂ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ဥရောပ၏ GDP သည် ပြီးခဲ့သည့်နှစ်ကထက် ၀ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်က ဥရောပဒေသတစ်ခုလုံး၏ GDP သည် ၁ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး ဥရောပသမဂ္ဂ၏ GDP သည် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်ခဲ့ကြောင်း၊ ဥရောပဒေသ၏ GDP သည် ၂၀၂၂ ခုနှစ် လေးလပတ်ဆက်တိုက် ၀ ဒသမ ၆ရာခိုင်နှုန်း၊ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ ၀ ဒသမ ၃ ရာခိုင်နှုန်း နှင့် ၀ ဒသမ ၁ ရာခိုင်နှုန်း တို့ဖြင့် အသီးသီးတိုးတက်ခဲ့ကြောင်း၊ နှစ်စဉ် GDP တိုးတက်မှုနှုန်းသည် ဥရောပဒေသအတွက် ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဥရောပသမဂ္ဂသည် ၃ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဥရောပသည် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) တင်သွင်း၍ ဖြေရှင်းလေ့ရှိသော်လည်း ယခုနှစ် ပူနွေးသောဆောင်းရာသီကြောင့် ဝယ်လိုအား ကျဆင်းပြီး စျေးနှုန်းလည်း ကျဆင်းနေကြောင်း၊ စီးပွားရေးပညာရှင်များက သဘာဝဓာတ်ငွေ့ပြတ်လပ်ခြင်းကြောင့် ခွဲတမ်းဝေမျှခြင်းနှင့် ဥရောပစက်ရုံများ၏ ထုတ်လုပ်မှုရပ်ဆိုင်းခြင်း ဆောင်ရွက်လာမည်ကို စိုးရိမ်ခဲ့ကြောင်း၊ ထို့ပြင် ဥရောပ၌ ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်းကာလတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် မျှော်မှန်းသည်ထက် ပိုမိုများပြားခဲ့ကြောင်း၊ ဥရောပနိုင်ငံများ၌ စီးပွားရေးကျဆင်းမှုကို ဟန့်တားနိုင်ရန် အစီအမံများချမှတ် ကျင့်သုံးခဲ့မှုများသည် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း စီးပွားရေးပြန်လည်တိုးတက်စေရန် အထောက်အကူဖြစ်ခဲ့ကြောင်း သိရသည်။

